ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့ (27-2-2011) (၆၆၈၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အရှည်မိုင် ၃၂၀ ရှိ ကြံခင်း-ပခုက္ကူ မီးရထားလမ်းမကြီးကို အပိုင်းလိုက် ဖောက်လုပ်ဖွင့်လှစ်ပေးလျက်ရှိ

ကျွန်းချောင်း-ဒေါင်းသာ အရှည်မိုင် ၁၉ ဒသမ ၅၉ မိုင်ရှိ ရထားလမ်းသစ်ဖွင့်ပွဲသည် (၁၀)ကြိမ်မြောက် ဖွင့်ပွဲဖြစ်

ပွင့်ဖြူ-ဆင်ဖြူကျွန်းအပိုင်း ဖောက်လုပ်ပြီးစီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထား တောက်လျှောက်ပြေးဆွဲပေးနိုင်တော့မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းချောင်းရှိ ကျွန်းချောင်းဘူတာယာဒ်ဝင်းအတွင်း၌ ကျင်းပသည်။

ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။
(သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေပေးဝေလျက်ရှိသည့် သဖန်းဆိပ် ဘက်စုံရေလှောင်တမံ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဖြူးမြင့်ဦး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ အကျိုးပြုစိုက်ပျိုးရေ ဧက ငါးသိန်းကို ရာသီမရွေး ပေးဝေနေသော သဖန်းဆိပ်ဘက်စုံရေလှောင်တမံသို့ သွားရောက်လေ့လာဖြစ်သည်။

လေ့လာရေးခရီး သွားရောက်ရန်အတွက် မြို့နယ်စည်ပင်ဦးစီးအရာရှိ ဦးကျော်ကျော်နှင့် အတူ လိုက်ပါခဲ့ပြီး သဖန်းဆိပ် ဘက်စုံရေလှောင်တမံသို့ သွားရောက်ရာတွင် တပ်ကုန်းရွာ အင်းကောင်းအုပ်စု၊ ကျီကုန်းအုပ်စုနှင့် ဇီးတောချောင်းကျေးရွာ ရွာသီအုပ်စု၊ ကျီကန်၊ ပိတောက်ကုန်း၊ ရွာသစ်ကုန်း၊ ရွှေတောင်၊ စံပြ၊ ငါးဘတ်အိုင်၊ ဘိုကုန်း၊ ရေကင်း၊ ပေါက်ပင်ဆိပ်၊ သဖန်းဆိပ် ရွာတို့ကို ဖြတ်သန်းခဲ့ရသည်။ လမ်းတစ်လျှောက် မြသားကမ္ဗလာကော်ဇောကြီး ဖြန့်ခင်းထားသည့်ပမာ ကြည်နူးအားရဖွယ် ဆောင်းမြေပဲခင်းများကို မြင်တွေ့လိုက်ရသည်။

ထို့နောက် သဖန်းဆိပ်ရေလှောင်တမံကို ချောမောစွာရောက်ခဲ့သည်။ သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို နိုင်ငံတော်မှ ၁၉၉၆-၉၇ ခုနှစ်က ကျပ်သန်း ၈၅၇၀ အကုန်အကျခံ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

သဖန်းဆိပ်ရေလှောင်တမံ ရေထိန်းမျှော်စင်။

၂၇-၂-၂၀၁၁
(တနင်္ဂနွေနေ့)

အာဟာရပြည့်ဝမျှတစွာ စားသုံး

သုတေသီများ၏ လေ့လာတွေ့ရှိမှုတစ်ရပ်တွင် အားဖြည့်အချိုရည်အချို့၌ ကဖင်းဓာတ်လွန်ကဲစွာ ပါဝင်နေသဖြင့် ကလေးများအား မတိုက်ကျွေးသင့်ကြောင်း သိရသည်။ အားဖြည့်အချိုရည် အများအပြားတွင် ကဖင်းဓာတ်သုံးဆမှ အချို့ငါးဆအထိ ပါဝင်လျက်ရှိရာ အဆိုပါ အချိုရည်များ သောက်သုံးခြင်းကြောင့် ကလေးငယ်များတွင် နှလုံးရောဂါအခြေအနေ ဆိုးရွားစေသည်။

အထူးသဖြင့် ကဖင်းဓာတ်လွန်ကဲစွာပါဝင်သည့် အချိုရည်များ သောက်သုံးခြင်းသည် ကလေးများ၏ အစာစားသုံးမှုကို ကမောက်ကမ ဖြစ်စေသည်။ အချိုရည်တွင်ပါဝင်သော ကဖင်းဓာတ်တစ်မျိုးက ကယ်လ်စီယမ်ကို စုပ်ယူသဖြင့် အချိုရည်သောက်သုံးသော ဆယ်ကျော်သက်များတွင် အရိုးပွရောဂါများပါ ဖြစ်ပွားစေနိုင်သည်။ ထို့အပြင် ပိုလျှံကယ်လိုရီများကြောင့် သွေးအတွင်း သကြားဓာတ်မြင့်တက်စေပြီး ဆီးချိုရောဂါဖြစ်နိုင်သည့်အပြင် သွားနှင့်ခံတွင်းဆိုင်ရာရောဂါများပါ ဖြစ်ဖွယ်ရာရှိကြောင်း လေ့လာဆန်းစစ်မှုအရ သိရှိရသည်။

ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသမီးများနှင့် ကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးရေး မြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုများ ဆောင်ရွက်နေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန် ရည်မှန်းချက်ထား၍ ဖော်ဆောင်နေခြင်းဖြစ်သည်။

ပြည်သူများအတွင်း အာဟာရဖွံ့ဖြိုးရေး အသိပညာ ဖြန့်ဖြူးခြင်းများကို အလေးထားလုပ်ဆောင်နေခြင်း ဖြစ်သည်။ ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်ကလေးကျန်းမာရေး ပညာပေးလုပ်ငန်းများကို ပေါင်းစပ်ယှဉ်တွဲ လုပ်ဆောင်နေသည်။

ကလေးငယ်များအပါအဝင် လူတိုင်းလူတိုင်း အသက်အရွယ်မရွေး ဗီတာမင်အေဓာတ်များ၊ အသားအသီးအနှံနှင့် အန္တရာယ်ကင်းသည့် အစားအစာများ၊ အာဟာရပြည့်ဝသော အစားအစာများ မျှတစွာ စားသုံးကြရန် လိုအပ်သည်။ ရှောက်သီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ဆီးဖြူသီးတို့တွင် ဗီတာမင်စီဓာတ်ပါဝင်သည်။ ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ ဂျုံ၊ ဆန်လုံးညိုတို့သည် ဗီတာမင်ဘီကြွယ်ဝသည်။ ထို့အတူ နွားနို့၊ ကြက်ဥ၊ အသား၊ ငါး၊ ဟင်းသီး ဟင်းရွက်မျိုးစုံ၊ မြေပဲဆီ၊ နေကြာဆီနှင့် ဟင်းသီးဟင်းရွက်ဆီများသည် ဗီတာမင်အီးကြွယ်ဝသည်။

သဘာဝအစားအစာများမှရရှိသော ဗီတာမင်များ၊ သတ္တုဓာတ်များသည် ဓာတ်တိုးကာကွယ်နိုင်သော အာနိသင်ကို အပြည့်အဝပေးနိုင်ပြီး ဘေးထွက်ဆိုးကျိုးများလည်း မရှိပေ။ သို့ဖြစ်ရာ ပြည်သူများအားလုံးက ဖန်တီးပြုလုပ်ထားသော အစားအသောက်များကို ရှောင်ရှားပြီး သဘာဝမှရရှိသော သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကို မျှမျှတတစားသုံးကြခြင်းဖြင့် လူတိုင်းကျန်းမာခြင်းသုခ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

လက်ကိုင်ကွန်ပျူတာ View Pad များ စတင်မိတ်ဆက်ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ခရီးသွားရင်းအလုပ်လုပ်ကိုင်ကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ပညာသင်ကြားနေကြသော ကျောင်းသား၊ကျောင်းသူများအတွက် ကိုင်တွယ်ရလွယ်ကူပြီး ကွန်ပျူတာ တစ်လုံးကဲ့သို့လည်း အသုံးပြုနိုင်၊ MP-4 Player ကဲ့သို့လည်း အသုံးပြုနိုင်သော Viewsonic View Pad ခေါ် လက်ကိုင်ကွန်ပျူတာများကို မန္တလေးမြို့၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသော ကွန်ပျူတာ နည်းပညာပြပွဲ၌ စတင်မိတ်ဆက်ရောင်းချ လျက်ရှိသည်။ ယခုမိတ်ဆက်ရောင်းချလျက်ရှိသော View Pad လက်ကိုင်ကွန်ပျူတာကို ခုနစ်လက်မ အရွယ်နှင့် ၁၀လက်မအရွယ် မော်နီတာ မြင်ကွင်းအကျယ်နှစ်ခုဖြင့် အမျိုးအစားနှစ်မျိုး ထုတ်လုပ်ထားသည်။ နှစ်မျိုးစလုံးသည် နေ့စဉ်ကွန်ပျူတာသုံးစွဲနေကျအတိုင်း ဝင်းဒိုးစနစ်ကို အသုံးပြုနိုင်သကဲ့သို့ မိုဘိုင်းဆော့ဖ်ဝဲဖြစ်သည့် အန်းဒရိုက်ဆော့ဖ်ဝဲကိုလည်း အသုံးပြုနိုင်ရာ ကွန်ပျူတာတွင် တယ်လီဖုန်းပါ တစ်ပါတည်းတပ်ဆင်ပြောဆိုလိုသူများအတွက် အဆင်ပြေစေမည်ဖြစ်သည်။ View Pad လက်ကိုင်ကွန်ပျူတာတွင် ပါဝင်သော ဆင်းကတ်အပေါက်တွင် တယ်လီဖုန်းကတ်ကိုထည့်၍ တယ်လီဖုန်းပြောဆိုနိုင်သည်။ View Pad လက်ကိုင်ကွန်ပျူတာကို တယ်လီဖုန်းအဖြစ် အသုံးပြုရာတွင် မြန်မာနိုင်ငံတွင်အသုံးပြုနေသောဂျီအက်စ်အမ်စနစ်နှင့် စီဒီအမ်အေစနစ်များပါ အသုံးပြုနိုင်သည်။ ထို့ပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အင်တာနက်ဝန်ဆောင်မှုကိုလည်း ရယူအသုံးပြုနိုင်သဖြင့် မြန်မာတစ်နိုင်ငံလုံး မည်သည့်နေရာတွင် ရောက်ရှိနေစေကာမူ View Pad လက်ကိုင်ကွန်ပျူတာ တယ်လီဖုန်းစနစ်နှင့် အင်တာနက်ကို အသုံးပြုနိုင်မည် ဖြစ်သည်။

View Pad လက်ကိုင်ကွန်ပျူတာများမှာ လက်ဖြင့်တို့ထိခိုင်းစေနိုင်သော မာတီ မီဒီယာကွန်ပျူတာ အမျိုးအစားများဖြစ်သဖြင့် ဗီဒီယိုကြည့်ခြင်း၊သီချင်းနားထောင်ခြင်းများကိုလည်း ပြုလုပ်နိုင်သည်။ View Pad လက်ကိုင်ကွန်ပျူတာများတွင် ကင်မရာပါပါရှိသဖြင့် သရီးဂျီနက်ဝပ်ရသော နေရာများ၌ တယ်လီဖုန်း ဆက်ရာတွင် တစ်ဖက်လူကလည်း ကင်မရာပါသောဖုန်းကို အသုံးပြုပါက တစ်ယောက်နှင့် တစ်ယောက်မျက်နှာချင်းဆိုင် စကားပြောနေသကဲ့သို့ ပြောဆိုနိုင်မည်ဖြစ်သည်။

View Pad လက်ကိုင်ကွန်ပျူတာများသည် တာရှည်ခံဘက်ထရီများကို အသုံးပြုထားရာ တစ်ခါအားသွင်းထားရုံဖြင့် ၆နာရီကြာ အသုံးပြုနိုင်သည်။ အရွယ်အစားမှာလည်း သာမန်မှတ်စုစာအုပ်အရွယ်ရှိပြီး အလေးချိန်မှာလည်း သာမန်လက်ပ်တော့ ကွန်ပျူတာများ၏ အလေးချိန်ထက် သုံးဆခန့် လျော့နည်းသဖြင့် သွားလေရာအလွယ်တကူသယ်ယူ အသုံးပြုနိုင်သည်။

View Pad လက်ကိုင်ကွန်ပျူတာများကို အမှတ် (၇) (၈၇)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ Royal Ayeyarwaddy Co., Ltd.က တင်သွင်းပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း-၃၈၄၈၅၀၊၃၈၉၃၆၆တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများသည် ဖြေဆိုနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၄ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မာရုံ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် ရဲမွန်တပ်မြို့ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ရန်ကုန်တိုင်း စစ်ဌာနချုပ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဧရာဝတီလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်းမကြီး (၁၁)လမ်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ရက် နံနက်၉နာရီခွဲတွင် ဖျာပုံခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံး၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတက်ရောက်သည်။

အစည်းအဝေးတွင် စီမံကိန်းအင်ဂျင်နီယာများ၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာ ၁၆ ဖွဲ့တို့က မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဧရာဝတီတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်နှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၂၀၁၀ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံကျန်းမာရေး ဆိုင်ရာသုတေသနညီလာခံ ပြန်လည်သုံးသပ်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၃)စမ်းချောင်း မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အထက(၃) စမ်းချောင်း၌ တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာကြီး၊ ဆရာမကြီးများအား ၁၉၄၀မှ ၂၀၁၀ အထိ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများက မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက် (ဗုဒ္ဓဟူးနေ့) (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် အထက(၃)စမ်းချောင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဦးအေးသိန်း ဖုန်း-၅၀၄၈၀၈၊ ဦးကံသာ ဖုန်း-၅၂၇၃၂၆၊ ဦးခင်ဝင်း ဖုန်း-၅၃၉၈၄၆၊ နှင်းဝေငြိမ်း ဖုန်း-၀၉-၅၀၅၉၁၄၃၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း-၀၉-၈၀၂၁၃၂၆၊ ဒေါ်သီသီရွှေ ဖုန်း-၅၁၀၆၄၆၊ ရွှေဇီဝ ဖုန်း-၀၉-၅၁၄၉၅၃၃၊ ဦးအောင်သိန်း ဖုန်း-၅၁၀၆၆၃၊ ဒေါ်စုလှိုင်မိုး ဖုန်း-၅၁၀၄၀၃၊ ဦးဇော်လွင် ဖုန်း-၅၁၀၇၂၈၊ ဦးကျော်ဆန်းရွှေ ဖုန်း-၅၀၄၂၀၀၊ ဒေါ်ဆွေစင်လတ် ဖုန်း-၅၃၆၁၅၆နှင့် ဦးနန်းအောင်ကြည် ဖုန်း-၀၉-၅၁၉၇၇၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ (ကြေးမုံ)

မိုး သတိပြု

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (၁၆/၃) ရပ်ကွက် ဓမ္မာရုံလမ်းနေ နှစ်ဖက်သော ဘိုးဘွားများနှင့် ခင်ပွန်းဦးလှအား ရည်စူး၍ ဒေါ်ညွန့်ခင်နှင့် သားသမီးမြေးတစ်စုက ကျောက်တန်းဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၂၆၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင် လက်ခံစဉ်။ (၇၄)

သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ ဝန်ကြီး ဦးသိန်းအောင် တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန သစ်တောတက္ကသိုလ် ပဥ္စမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားနှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

သစ်တောရေးရာဝန်ကြီးဌာန သစ်တောတက္ကသိုလ် ပဥ္စမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားနှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သစ်တောတက္ကသိုလ်၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဝန်ကြီးဌာန (အထက်နှင့် အောက်မြန်မာပြည်) အဆင့်မြင့်ပညာဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မော်ကွန်းထိန်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဘွဲ့ယူသူမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က အမှာစကားပြောကြားရာတွင် သစ်တောကဏ္ဍအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောတက္ကသိုလ်ကို သီးခြားတက္ကသိုလ်အဖြစ် ဖွင့်လှစ်ပေးခဲ့ပြီးနောက် သစ်တောသိပ္ပံဘွဲ့ရများ မွေးထုတ်၍ ဘွဲ့နှင်းသဘင် အခမ်းအနားများ ကျင်းပပေးခဲ့သည်မှာ ယခုဆိုလျှင် ပဥ္စမအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သစ်တောတက္ကသိုလ်အနေဖြင့် ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ သစ်တောသိပ္ပံဘွဲ့ရ ပုဂ္ဂိုလ် စုစုပေါင်း ၉၂၂ ဦးကို မွေးထုတ်ပေးခဲ့ပြီး တာဝန်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် တန်ဖိုးကြီးမားလှသည့် မြန်မာ့သစ်တောသယံဇာတများ အစဉ်တည်တံ့နေစေရန်၊ သစ်တောများ အစဉ်တည်တံ့ရေး အုပ်ချုပ်လုပ်ကိုင်မှုကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း၊ သစ်ပင်သစ်တော ချစ်မြတ်နိုးတန်ဖိုးထားလိုစိတ်၊လုပ်ငန်းအပေါ် အစဉ်အကဲဖြတ်လေ့လာသုံးသပ်သုတေသနပြုလိုစိတ်များ ရင့်သန်တိုးပွားအောင် လေ့ကျင့်ပျိုးထောင်သွားကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဝန်ကြီးက သစ်တောတက္ကသိုလ်၏ ပညာရည်ချွန် ရွှေတံဆိပ်ဆုရရှိသူလေးဦးအားဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရွှေတံဆိပ်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဆက်လက်ကျင်းပရာ မဟာသိပ္ပံ (သစ်တော) ဘွဲ့ရရှိသူ ခြောက်ဦးနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အထိ လေးနှစ်တာကာလအတွင်း သိပ္ပံ(သစ်တော) ဘွဲ့ရသူ ၁၁၉ ဦးတို့အား သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးက ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၁၉၂၃ ခုနှစ်မှ ယနေ့အထိ သစ်တောဘွဲ့ရသူစုစုပေါင်း ၁၉၈၉ ဦး မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေ မီးသတ်စခန်းနှင့် နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့ ဝန်ထမ်းနေအိမ်ပါ မီးသတ်စခန်းသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ သင်ကြားရေးခန်းမများ၊ အစည်းအဝေးခန်းမများ၊ ရုံးခန်းများ ဖွဲ့စည်းထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ နေရာချထားမှုနှင့် ယာဉ်အဝင်အထွက်လမ်းများ ကောင်းမွန်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မီးသတ်နည်းပညာနှင့် သုတေသနဌာန ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောပစ္စည်းများနှင့် ပရိဘောဂများ အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန် တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တာမွေမြို့နယ် မီးသတ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လားရှိုးမြို့ အထက(၂)ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

လားရှိုး ဖေဖော်ဝါရီ ၂၆

လားရှိုးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အငြိမ်းစားယူသွားကြသော အသက်(၆၀)နှင့် အထက် ဆရာကြီး၊ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းလိုပါက ဦးအောင်စိုး ဖုန်း-၀၉-၅၂၆၂၆၁၁၊ ဦးသိန်းအောင်(သမာဓိရွှေဆိုင်) ဖုန်း-၀၉-၆၇၀၀၅၅၀၊ ဦးဌေးလွင် (လွင်-အိမ်ဆောက်ပစ္စည်း) ဖုန်း-၀၉-၅၂၆၀၆၉၈၊ ဦးမောင်မောင်တင် ဖုန်း-၀၈၂-၃၀၅၃၉၊ ကိုတင့်ဇော်(ဝမ်းတော်ပြည့်စားသောက်ဆိုင်) ဖုန်း-၀၉-၅၂၆၀၄၀၅၊ ကိုလှကျော် (ရွှေဟသာ်စက်မှုလုပ်ငန်း) ဖုန်း-၀၉-၅၂၇၆၁၁၈၊ ကိုတင်ကို ဖုန်း-၀၉-၅၂၆၃၁၈၃၊ ဒေါ်တင်တင်ချို ဖုန်း-၀၈၂-၂၅၂၃၄၊ ဒေါ်မိုးမိုးထွန်း ဖုန်း-၀၉-၅၂၆၂၀၅၂၊ ရန်ကုန်မြို့တွင် Dr.အေးအေး ဖုန်း-၀၉-၅၀၀၉၈၇၇၊ မန္တလေးမြို့တွင် ဦးဇေယျာ(90 Hour English) ဖုန်း-၀၉-၂၀၃၄၇၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မင်္ဂလာရွှေရတု အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏ သံသုမာလမ်းနေ ဒေါက်တာ ချစ်-ဒေါ်ကြည်ကြည်ညွန့်၊ သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၌ ဦးကိုကိုအောင်သည် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)သို့ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော် ဦးအောင်ဇော်ဟိန်း၊ ဦးကျော်ကျော်ထွန်း၊ ဦးမျိုးမြင့်၊ ဦးအောင်ဝင်းတို့နှင့်အတူ ကစားခဲ့ကြသည်။ (ကြေးမုံ)

မြစ်ကြီးနားစည်ပင် ကွန်ကရစ်တံတား ဆောက်လုပ်မှုစစ်ဆေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သော ကြက်ပေါင်ခြံသွားကားလမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၁၈ ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြောင်မြို့ မြို့မဈေးမီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းခေါင်းဆောင်သော ဈေးများလုံခြုံရေးအဖွဲ့က ဇန်နဝါရီ ၁၉ ရက်တွင် မြောင်မြို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီတို့က မီးသတ်ယာဉ်၊ အပေါ့စားမီးသတ်ရေစုပ်စက်တို့ဖြင့် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၃၄)**
- ၁၁း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မှော်ဝင်လိပ်ပြာ**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ(အပိုင်း-၄၅)**
- ၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၀ ၈။ မြန်မာ့ရှုခင်း
- ၄း၅၀ ၉။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅း၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ဘဝကြေးမုံ
- ၆း၅၀ ၁၅။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁၃)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၁၁)**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၃၂)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ရုရှားစစ်ဘက်ဆိုင်ရာ ဂြိုဟ်တု ပတ်လမ်းမှား၍ စွန့်လွှတ်ခဲ့ရ

မော်စကို ဖေဖော်ဝါရီ ၂၆

ကမ္ဘာပတ်လမ်းကြောင်းသို့ပစ်လွှတ်စဉ် လမ်းကြောင်းသွေဖည်၍ အသုံးမပြုနိုင်သည့် ပတ်လမ်းတစ်ခုအတွင်း ဝင်ရောက်သွားသော စစ်ဘက်ဆိုင်ရာဂြိုဟ်တုတစ်စင်းကို စွန့်လွှတ်ခဲ့ရကြောင်း ရုရှားစစ်ဘက်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ဂျီအီးအို-အိုင်ကေ-၂ အမည်ရှိ စစ်ဘက်သုံးဂြိုဟ်တုကို ပဲ့ထိန်းဒုံးပျံများ၏ လမ်းပြစနစ်အတွက် မြေကမ္ဘာ၏ အနေအထားကို တိုင်းတာနိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသည်။

ဂျီအီးအို-အိုင်ကေ-၂ စစ်ဘက်သုံးဂြိုဟ်တုကို ရုရှားနိုင်ငံမြောက်ပိုင်း ပလာဆက်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ယခုလအတွင်းလွှတ်တင်ခဲ့ခြင်းဖြစ်ပြီး လွှတ်တင်မှုစနစ် အမှားအယွင်းများကြောင့် လမ်းကြောင်းသွေဖည်ခဲ့ရသည်။

အမေရိကန်ပြည်ထောင်စု၏ ဂြိုဟ်တုလမ်းညွှန် ခရီးသွားစနစ်(ဂျီပီအက်စ်)နှင့် အပြိုင် ဂြိုဟ်တုလမ်းညွှန်စနစ်တစ်ခု တည်ဆောက်ရန် ဂလိုနက်စ်အမည်ရှိ ဂြိုဟ်တုသုံးစင်းကို ရုရှားနိုင်ငံသည် လွန်ခဲ့သည့်နှစ်လက လွှတ်တင်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိပေ။

အမေရိကန်ဒေါ်လာ သန်း ၁၈၀ တန်ကြေးရှိ ဂလိုနက်စ်ဂြိုဟ်တုများသည် ပစိဖိတ်သမုဒ္ဒရာအတွင်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကပျက်ကျခဲ့ရာ အမေရိကန်နိုင်ငံနှင့်အပြိုင် ဂြိုဟ်တုလမ်းညွှန်စနစ်တည်ဆောက်လိုသော ရုရှားနိုင်ငံအတွက် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။

ဂလိုနက်စ်ဂြိုဟ်တုလမ်းညွှန်စနစ် တည်ဆောက်ရေးအတွက် ၁၀ စုနှစ်တစ်ခုကာလအတွင်း ရုရှားအစိုးရသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံသုံးစွဲခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။



ဂျီအီးအို-အိုင်ကေ-၂ အမည်ရှိ စစ်ဘက်သုံးဂြိုဟ်တု။

ဘူရှီးယား နျူကလီးယားဓာတ်အားပေးစက်ရုံမှ လောင်စာပြန်ဖြုတ်ရဦးမည်ဟုဆို

တီဟီရန် ဖေဖော်ဝါရီ ၂၆

အီရန်နိုင်ငံတောင်ပိုင်း ဘူရှီးယားမြို့ရှိ ရုရှားလုပ် နျူကလီးယားဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖိုမှ လောင်စာကို ရုရှား၏နည်းပညာဆိုင်ရာ အကြံပေးချက်အရ ပြန်လည်ဖယ်ရှားမည်ဖြစ်ကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း စတင်အကောင်အထည်ဖော်စဉ်ကပင် ပြဿနာမျိုးစုံကြုံခဲ့ရသော အဆိုပါ နျူကလီးယားစက်ရုံကို ဧပြီ ၉ ရက်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ရည်မှန်းထားသော်လည်း ယခုနောက်ဆုံး အခြေအနေများအရ နှောင့်နှေးဖွယ်ရှိနေသည်။

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိသော ရုရှားနိုင်ငံ၏ အကြံပေးချက်ကို အခြေပြု၍ ဓာတ်ပေါင်းဖိုအလယ်ဗဟိုရှိ နျူကလီးယားလောင်စာကို နည်းပညာဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပြန်ဖြုတ်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအဏုမြူစွမ်းအင်ဆိုင်ရာ အီရန်သံအမတ်ကြီး အလီအက်စ်လာဆိုလ်တန်နီက ပြောကြားသည်။ အီရန်သည် အဆိုပါ အဏုမြူလောင်စာကို ဓာတ်ပေါင်းဖိုအတွင်းသို့ ဩဂုတ် ၂၁ ရက်တွင် စတင်ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ။

အာဖဂန်အရှေ့ပိုင်း မဟာဗျူဟာမြောက်တောင်ကြားဒေသမှ အမေရိကန်တပ်ဖွဲ့များရုပ်သိမ်းနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အာဖဂန်စစ်မြေပြင်၌ တစ်ချိန်ကမဟာဗျူဟာ အချက်အချာနေရာတစ်ခုဖြစ်ခဲ့ဖူးသော အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပက်ခ်ျတောင်ကြားဒေသမှ အမေရိကန်တပ်ဖွဲ့ဝင်များ စတင်ထွက်ခွာနေပြီဖြစ်ကြောင်း အမေရိကန်ပင်တဂွန် စစ်ဌာနချုပ်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်အရှေ့ပိုင်း ကူနာပြည်နယ်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ၏ တပ်မှူး ဗိုလ်မှူးချုပ် ဂျွန်ကင်းဘဲလ်သည် စစ်ဆင်ရေးလုပ်ငန်းများ ထိရောက်စွာ လုပ်ဆောင်နိုင်ရေးနှင့် တပ်ဖွဲ့များအနေဖြင့် ပိုမိုလွတ်လပ်စွာ လှုပ်ရှားနိုင်ရေးအတွက် တပ်ရွှေ့ပြောင်းမှုများ ပြုလုပ်နေကြောင်း ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပက်ခ်ျတောင်ကြားဒေသသည် ကူနာပြည်နယ်အစွန်အဖျားဒေသ၌တည်ရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်များကို အမြဲတမ်းအထိုင်ချထားသည့်ရှေ့တန်းနယ်မြေတစ်ခုဖြစ်သည်။သို့ရာတွင် ကူနာပြည်နယ်အရပ်သားဒေသများကို ကာကွယ်မှုပိုမို ပေးနိုင်ရန် ပက်ခ်ျတောင်ကြားဒေသမှ နေရာရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပက်ခ်ျတောင်ကြားဒေသ၌ တောင်ကြားလမ်းဒါဇင်ပေါင်းများစွာရှိပြီး ယင်းတို့ကိုအမေရိကန်တပ်ဖွဲ့များအနေဖြင့် အပြည့်အဝ ထိန်းသိမ်းထားနိုင်မည်မဟုတ်ကြောင်း ဗိုလ်မှူးချုပ်ကမ်းဘဲလ်က ဝါရှင်တန်ပို့စ်သတင်းစာသို့ ပြောကြားသည်။

၂၀၀၆ ခုနှစ်မှစတင်၍ ပက်ခ်ျတောင်ကြားဒေသ၌ အမေရိကန်တပ်ဖွဲ့ဝင် ၈၀၀ မျှ ဖြန့်ကြက်ထားကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ပက်ခ်ျတောင်ကြားဒေသမှ ရုပ်သိမ်းမှုကို ဖေဖော်ဝါရီ ၁၅ ရက်တွင်စတင်ခဲ့ပြီး ရုပ်သိမ်းမှုကာလနှစ်လကြာမြင့်မည်ဖြစ်သည်။ယင်းတောင်ကြားဒေသ၌ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ ကျန်ရှိနေမည်ဖြစ်သော်လည်း တပ်ဖွဲ့ဝင်အများစုမှာ တာဝန်အတွက်အသင့်မဖြစ်သေးပေ။

ပက်ခ်ျတောင်ကြားဒေသသည် ၁၉၇၉ ခုနှစ်မှ ၁၉၈၉ခုနှစ်ကာလ ဆိုဗီယက်အုပ်စိုးမှုအတွင်း အာဖဂန်တော်လှန်ရေးသမားများနှင့် ဆိုဗီယက်တပ်ဖွဲ့ဝင်များအကြား ပြင်းထန်သော တိုက်ပွဲအချို့ ဖြစ်ပွားခဲ့ရာဒေသဖြစ်သည်။

အေအက်ဖ်ပီ။

ကူနာပြည်နယ် စစ်ဆင်ရေးတစ်ခုတွင် အရပ်သားများသေဆုံးရသည်ဆိုမှု အာဖဂန်အစိုးရ စစ်ဆေးရေးအဖွဲ့နှင့် နေတိုးတို့အကြား ကွဲလွဲလျက်ရှိ

ကဘူး ဖေဖော်ဝါရီ ၂၆

လွန်ခဲ့သည့်ရက်သတ္တပတ်က ပြုလုပ်ခဲ့သော နေတိုးတပ်ဖွဲ့၏ စစ်ဆင်ရေးတစ်ခုအတွင်း အမျိုးသမီးနှင့်ကလေး ၅၀ အပါအဝင် အရပ်သား ၆၅ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း အာဖဂန်အစိုးရ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များက မီဒီယာများသို့ ပြောကြားသည်။

သို့ရာတွင် နေတိုးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)ကမှူးဂင်းတို့၏ ကနဦးစုံစမ်းမှုများအရ ကူနာပြည်နယ်အတွင်း အရပ်သားများ သေဆုံးမှုမရှိကြောင်း ပြောကြားသည်။ အဆိုပါ ဒေသအတွင်း ညလုံးပေါက်တိုက်ပွဲတစ်ခုတွင် သောင်းကျန်းသူ ၃၀ ကျော် သေဆုံးခဲ့သည်ဟု ဆိုသည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် နေတိုးဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုများကို ဝေးလံခေါင်းပါးသော တောင်တန်းဒေသတစ်ခု၌ ပြုလုပ်ခဲ့ရာ အရပ်သားများ သေကျေပျက်စီးခဲ့ရကြောင်း ကူနာပြည်နယ် အုပ်ချုပ်ရေးမှူးက လွန်ခဲ့သည့် တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ကူနာပြည်နယ်တွင် ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးအတွင်း အရပ်သားတစ်ဦးတစ်ယောက်မျှ သေကျေခြင်းမရှိဟု နေတိုးတပ်ဖွဲ့က ယုံကြည်ထားပြီး တာလီဘန်ကို ထောက်ခံသော ရွာသားများက ဝါဒဖြန့်ဇာတ်လမ်းတစ်ပုဒ်လို လုပ်ကြံဖန်တီးခဲ့ခြင်းသာဖြစ်သည်ဟု နေတိုးတာဝန်ရှိသူများက ပြောကြားသည်။

အင်တာနက်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ပထမဆုံး နျူစွမ်းအင်စက်ရုံရုရှားတည်ဆောက်မည်

ဒါကာ ဖေဖော်ဝါရီ ၂၆

စွမ်းအင်လိုအပ်ချက်ကြီးမားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ပထမဆုံးသော နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံကို တည်ဆောက်ပေးရန် ရုရှားနိုင်ငံက သဘောတူညီခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ဖေဖော်ဝါရီ ၂၅ရက်တွင် ပြောကြားသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသည့် နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်ရေး သဘောတူညီချက်ကို ရုရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ တာဝန်ရှိသူများက ဒါကာမြို့တော်၌ ဖေဖော်ဝါရီ ၂၄ရက်က လက်မှတ်ရေးထိုးခဲ့သည်။

သဘောတူစာချုပ်အရ နျူကလီးယားစွမ်းအင်စက်ရုံကို ၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံက စတင်တည်ဆောက်မည်ဖြစ်ပြီး ယင်းစက်ရုံအတွက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်ပေးနိုင်သည့် အဏုမြူဓာတ်ပေါင်းဖိုနှစ်ခုကိုလည်း ရုရှားနိုင်ငံက ပေးအပ်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် သိပ္ပံရေးရာဝန်ကြီးဌာနက ပြောကြားသည်။

အေပီ။

အစ္စရေးစစ်လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသ ရာဖာတောင်ပိုင်းရှိ ဟားမားစ်စစ်လေ့ကျင့်ရေးစခန်းများကို ဖေဖော်ဝါရီ ၂၆ ရက်က ဒုတိယအကြိမ်မြောက်အဖြစ် တိုက်ခိုက်ရာ နို့စို့အရွယ်ကလေးငယ်တစ်ဦးအပါအဝင် လူလေးဦး ဒဏ်ရာရရှိသွားသည်။ (ပုံတွင် အစ္စရေးစစ်လေယာဉ်များ တိုက်ခိုက်ပြီးနောက် အဆောက်အအုံအပျက်အစီးများကို တွေ့ရစဉ်။)

စမ်းသပ်ဆဲဒုံးပျံစနစ်ကြောင့် ရုရှားရေငုပ်သင်္ဘောများ ဖြန့်ကြက်ရေးအစီအစဉ် နှောင့်နှေးဖွယ်ရှိ

မော်စကို ဖေဖော်ဝါရီ ၂၆

ဘူလဗာတိုက်ချင်းပစ်ဒုံးကျည်များသည် စမ်းသပ်ဆဲကာလ၌သာ ရှိသေးခြင်းကြောင့် ရုရှားနိုင်ငံ၏ ဘိုရိုင်းအတန်းအစား နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ(ဝဲပုံ) ဖြန့်ကြက်ရေးလုပ်ငန်းစဉ်သည် ခရီးမတွင်သေးကြောင်း ဖေဖော်ဝါရီ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဘူလဗာတိုက်ချင်းပစ်ဒုံးကျည်များသည် ရေငုပ်သင်္ဘောများတွင် တပ်ဆင်ပစ်ခတ်ရသော ဒုံးကျည်များဖြစ်ပြီး ယင်းတို့ကို ဘိုရိုင်းနျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများတွင် တပ်ဆင်ရန် ရည်ရွယ်ထားသည်။

ဒုံးကျည်များကို တပ်ဆင်ခြင်းမပြုနိုင်သေးခြင်းကြောင့် ဘိုရိုင်းမဟာဗျူဟာမြောက် ရေငုပ်သင်္ဘောများအနေဖြင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိသေးကြောင်း ရုရှားပထမ လက်ထောက် ကာကွယ်ရေးဝန်ကြီး ဗလာဒီမာပိုပေါ့ဗ်ကင့်က ပြောကြားသည်။

ဘူလဗာတိုက်ချင်းပစ်ဒုံးကျည်ကို ဘိုရိုင်း ရေငုပ်သင်္ဘောတစ်စင်းက စမ်းသပ်မောင်းနှင်မှုကာလကုန်ခါနီးတွင် စမ်းသပ်ပစ်ခတ်ဦးမည်ဖြစ်ကြောင်း ဗလာဒီမာပိုပေါ့ဗ်ကင့်က ပြောကြားသည်။

ဘူလဗာတိုက်ချင်းပစ်ဒုံးကျည်သည် နျူကလီးယားထိပ်ဖူး ၁၀ ခု သယ်ဆောင်နိုင်ပြီး မိုင် ၅၀၀၀ အကွာရှိ ပစ်မှတ်ကို တိုက်ခိုက်နိုင်သည်။ ရုရှားနိုင်ငံသည် အဆိုပါဒုံးကျည်ပစ်ခတ် စမ်းသပ်မှုကို ၁၄ ကြိမ် လုပ်ဆောင်ခဲ့ရာ ခုနစ်ကြိမ်သာ အောင်မြင်မှုရခဲ့သည်။

ရုရှားနိုင်ငံသည် ဘူလဗာဒုံးကျည်များတပ်ဆင်ထားသော ရေငုပ်သင်္ဘောရှစ်စင်းကို ၂၀၂၀ ပြည့်နှစ်တွင် ဖြန့်ကြက်နိုင်ရန် ရည်ရွယ်ထားသည်။

အင်တာနက်။

အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံသင်တန်းနှင့် အင်ဂျင်နီယာသင်တန်းဆင်းပွဲ ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော အဆင့်မြင့် အရာရှိကြီးများ လုပ်ငန်းမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၁၁)နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂) လုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က အငယ်တန်း အင်ဂျင်နီယာ(၂)လုပ်ငန်း အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၁)သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၈ ရက်နှင့် ၁၀ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)နှင့် နည်းပညာတက္ကသိုလ်(ပင်လုံ)တို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲနိုင် ဟောပြောစဉ်။ (ကြေးမုံ)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းဆွေးနွေးပွဲ ကနီ၌ ကျင်းပ

ကနီ ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စီမံကိန်းနောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမြလွင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ (မြို့နယ်ပြန်/ဆက်)

❂ စစ်ကိုင်းတိုင်းဒေသကြီးမှ

တည်ဆောက်ခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ရေလှောင်တမံကြီးကို လှမ်းမျှော်ကြည့်ရာ ဖောင်တော်ဦးစေတီနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို အဝေးကပင် မြင်တွေ့ရသည်။ တမံရှိရေအားလျှပ်စစ်စက်ရုံတွင် ၁၀မဂ္ဂါဝပ် စက်သုံးလုံးတပ်ဆင်၍ မဂ္ဂါဝပ် ၃၀ ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေသည်။

ဆက်လက်၍ သဖန်းဆိပ်ဆည် အင်ဂျင်နီယာ ဦးအောင်ပိုင်နှင့် သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံမှူး ဦးညီညီတို့က ရေထုတ်ပြွန်အရွယ်အစားမှာ (က)လျှပ်စစ်ဓာတ်အားထုတ်ရန် အချင်းခြောက်မီတာရှိ သံမဏိပိုက် သုံးလုံး၊ စိုက်ပျိုးရေအတွက် အရေးပေါ် အသုံးပြုရန် မြင်းခွာပုံ သံကူကွန်ကရစ်ပိုက် တစ်လုံးဖြစ်ကြောင်း ရှင်းပြသည်။

လျှပ်စစ်ဓာတ်အားအတွက် ရေထုတ်ပြွန် ၄၇၃၈ ပေ စိုက်ပျိုးရေအတွက် အရေးပေါ် အသုံးပြုရန် ပေ ၄၆၀ ဖြစ်ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံး စပါးကျီဖြစ်လာရေးအတွက် သဖန်းဆိပ်ဆည်ထိုမှ ကင်းတပ်ဆည်၊ ကာဘိုးဆည်တို့မှ တစ်ဆင့် လယ်ဧက ငါးသိန်းကို ရေပေးဝေ ဖြန့်ဖြူးလျက်ရှိသည်။ ဆည်ရေဖြင့် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံသီးထပ်များကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ စိုက်ပျိုးနိုင်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် စပါးကျီနေရာသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

သဖန်းဆိပ် ရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ "အေးမြသောလေညင်းလေးများ"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၂၀)**
- ၁၂း၄၀ ၅။ Golf Magazine (TV)
- ၁း ၀၀ ၆။ **မြန်မာရုပ်ရှင် "ချစ်အမှု" (ဇော်လင်း၊ခင်ယုမေ၊ချိုပြုံး (ဒါရိုက်တာ-ဦးသုခ)**
- ၂း ၅၀ ၇။ အဆိုပြိုင်ပွဲ
- ၂း ၅၅ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၄း၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ အကပြိုင်ပွဲ
- ၅း၂၀ ၈။ "စက်မှုတပ်ဆင်လုပ်ငန်းတွင်"
- ၅း၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း"(အပိုင်း-၁၀)**
- ၆း၄၀ ၁၃။ **တစ်မျက်နှာတစ်ကွက်စာ "အကျင့်ပါနေလို့" [(မင်းသု၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-မေတင် (MMG)]**
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၂၆)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၁၀၃)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၁၀)**
- ၂၀။ "ရင်လှိုင်းခတ်သံ တေးသီဟန်"
- ၂၁။ အစီအစဉ်ပြီး၏။

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၉)၌ ပင်လယ်ကူးသင်္ဘောကြီးများ အလွယ်တကူဝင်ရောက်နိုင်ရန် ရန်ကုန်မြစ်ကြောင်းပြုပြင်ခြင်းလုပ်ငန်းများ တရုတ်ကုမ္ပဏီက ဆောင်ရွက်မည်၊ ကမ္ဘာနှင့်မြန်မာတွင် ရွှေဈေးကောင်းနေခြင်းကြောင့် ရွှေတူးဖော်ရေးလုပ်ငန်းများ လုပ်ကွက်အသစ်များ ရှာဖွေနေ၊ တပေါင်းလပြည့်နေ့တွင် လနှင့်ကမ္ဘာ အနီးဆုံးဖြစ်မည်၊ ရန်ကုန်တစ်ဖက်ကမ်းရေရရှိရေး ဦးစားပေးသွားမည်၊ ဂျက်နှင့် ဖော်ကာလေယာဉ်များ ဝယ်ကြမလား၊ ဆေးရုံတက်ကျောင်းသားများအတွက် စာဖြေဌာနသုံးခု ဖွင့်လှစ်ပေးမည်၊ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ငါးသိန်းထိ ဝင်လာဖွယ်ရှိ၊ ကျောင်းများတွင် Correction Pen အသုံးပြုခြင်းကို တားမြစ်ထား၊ အမေရိကန်ပညာသင်ထောက်ပံ့ကြေးဖြင့် Mass Communication ဘွဲ့ရယူနိုင်၊ "အရှေ့တောင်အာရှမှ အင်ဂျင်နီယာလုပ်ငန်းတွေကို စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကို ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။" နည်းပညာတက္ကသိုလ်သန်လျင်မှ ပါမောက္ခချုပ် ဒေါက်တာဦးအောင်ကျော်မြတ်နှင့် တွေ့ဆုံခြင်း၊ အခြေခံလူတန်းစားဘဝမြင့်မားရေး အစိုးရသစ်ပုံဖော်ဖို့လို၊ လေထုညစ်ညမ်းမှုကို ကာကွယ်ပါ၊ တိုးတက်မှုဖွံ့ဖြိုးမှုနှင့် အပြောင်းအလဲ၊ "ရုပ်သိမ်းတယ်၊ မရုပ်သိမ်းဘူးဆိုတာ အီးယူနဲ့ ယူအက်စ်အပေါ်မှာပဲ မူတည်တယ်" စီးပွားရေးပညာရှင် ဆရာဦးခင်မောင်ညို (ဘောဂဗေဒ)နှင့် တွေ့ဆုံခြင်း၊ အမှန်တရားကို မခိုးပါနဲ့ စသည့် ဖတ်စရာမှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။ "ဘဏ်လုပ်ငန်းရဲ့ရည်မှန်းချက်က ဖောက်သည်တွေရဲ့ယုံကြည်ကိုးစားမှုကို ရရှိရေးဖြစ်တယ်" စီးပွားရေးပညာရှင် Citi Bank ၏ စီအီးအို ဗီကရမ်ပန်ဒစ်နှင့် စပီဂျဲလ် မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ ကမ္ဘာ့နံပါတ်တစ်နေရာအတွက် တရုတ်အပြောင်းအလဲပြုရပါဦးမည်၊ နိုင်ငံတကာသတင်းဆောင်းပါးနှင့်အတူ နယူးဇီလန်တွင် မြေငလျင် လှုပ်ခတ်မှုကြောင့် လူ ၃၀၀ကျော် သေဆုံးနိုင်ဖွယ်ရှိ၊ တစ်ကမ္ဘာလုံးက အချိန်တွေကို ပိုင်ဆိုင်ရန် ရုရှားအစိုးရက ကြိုးစားလာ၊ ထိုင်းတွင် ဖွတ်သူခိုးဖမ်းမိ၊ အမေရိကန်သင်္ဘောအား ပြန်ပေးဆွဲသော ဆယ်ကျော်သက် ဆိုမာလီ ပင်လယ်ဓားပြ ထောင်ဒဏ် ၃၄ နှစ်ကျခံရ၊ အာဖဂန်ဘဏ်အား တာလီဘန်တို့ဝင်ရောက်တိုက်ခိုက် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ရွာမလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် Royal Mingalardon Golf & Country Club ၌ ဖေဖော်ဝါရီ ၂၂ ရက်က ရဲမှူးမောင်မောင်အေး(အငြိမ်းစား)သည် ကစားဖော်များ ဖြစ်ကြသော ပဲခူးမြို့မှ ဦးမြင့်ကြည်၊ ဦးဝဏ္ဏဘို၊ ဦးဇော်ထိန်နှင့် ဦးခင်မောင်သွင် တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄) PAR 3 တွင် ၁၉၄ ကိုက်အကွာမှ TAYLORMADE R 7- Driver တုတ်ဖြင့် Srixon Soft Feel ဂေါက်သီးအားရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိ အမြဲရှိ

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေစွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နော အသင်းမွှာရုံ၌ ကျင်းပရာ အသင်းဝင်သက်ကြီး အဘိုး၊ အဘွားများအား ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်၍ စုပေါင်းပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**ထို့နောက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)က တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် မောင်ထက်သီဟဇော်နှင့် အမှုဆောင်များက ကျန်ဂုဏ်ထူးရှင်များအား ပညာရည်ချွန်ဆု ချီးမြှင့်ပြီး နာယကသစ် ၁၅ ဦးနှင့် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ အတွင်းရေးမှူးဒေါက်တာဘိုကြည် နှင့် ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် တို့ပါဝင်သော အမှုဆောင်သစ် ၂၂ ဦးကို ရွေးချယ်ကြကြောင်း သိရသည်။(ကြေးမုံ)

စိမ်းလန်းပါစေ ကမ္ဘာမြေ

မောင်မောင်မျိုး(ပဲခူး)

(ယမန်နေ့မှအဆက်)

ကမ္ဘာ့အပူချိန်ဟာ ၁ ဒသမ ၅ဒီဂရီစင်တီဂရိတ်က နေ ၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာမယ်ဆိုရင် ပင်လယ်ရေမျက်နှာပြင်ဟာ တစ်ပေခန့် မြင့်တက်လာမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးဌာနကလည်း ၂၁၀၀ပြည့်နှစ်မှာ ပင်လယ်ရေမျက်နှာပြင်ဟာ ၄ ပေခွဲကနေ ၇ ပေအထိ မြင့်တက်လာနိုင်တယ်ဆိုပြီး ခန့်မှန်းထားပါတယ်။

လေထုအတွင်းကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာတဲ့ အညိုရောင်မီးခိုးမှိုင်းတွေဟာ အိန္ဒိယနဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ သမုဒ္ဒရာရေပြင်ထက်ဝန်းကျင်မှာ လွှမ်းခြုံလျက်ရှိပါတယ်။ အဲဒီလိုဖြစ်ပေါ်ရတာဟာ တောင်အာရှဒေသမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေ များပြားလာတဲ့အတွက်ဖြစ်ပြီး ရာသီဥတုအပေါ် ဆိုးကျိုးသက်ရောက်မှုတွေဖြစ်စေကာ နှစ်စဉ်လူတစ်သိန်းခန့် သက်တမ်းမစေ့မီ သေဆုံးခဲ့ကြရပါတယ်။

အိန္ဒိယနိုင်ငံနဲ့ဆွီဒင်နိုင်ငံတို့မှ ပညာရှင်တွေပူးပေါင်းပြီး အဲဒီမီးခိုးမြူမှုန်တွေကို ဓာတ်ခွဲစမ်းသပ်ခဲ့ရာ ကျပ်ခိုး(ကာဗွန်ကတ္တရာ)ပမာဏ သုံးပုံနှစ်ပုံခန့်ပါဝင်နေကြောင်း တွေ့ရှိရပါတယ်။ တောင်အာရှနဲ့ အရှေ့အာရှဒေသတွေမှာ မီးခိုးမြူမှုန်တွေဟာ တောမီးလောင်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ တိရစ္ဆာန်အညစ်အကြေးတွေ၊ ရိတ်သိမ်းပြီး ကောက်ပဲသီးနှံခင်းတွေမီးရှို့ခြင်း၊ လူတို့ချက်ပြုတ်ခြင်းနဲ့ စက်ရုံတွေကနေ မီးခိုးတွေထွက်ခြင်း စတာတွေကြောင့် ဖြစ်ပေါ်လာတာဖြစ်ပါတယ်။

ကမ္ဘာမှာ တစ်နှစ်အသုံးပြုတဲ့ ရေနံစိမ်းပမာဏ ဖြစ်ပေါ်မှုအတွက် နှစ်ပေါင်းတစ်သန်းအချိန်ယူရပါတယ်။ ကောင်းမွန်တဲ့ အပေါ်ယံမြေဆီလွှာ တစ်လက်မဖြစ်ပေါ်ဖို့ ဆိုရင်လည်း ဆယ်စုနှစ်များစွာလိုအပ်ပါတယ်။ ဒါ့အပြင် သန့်စင်တဲ့ ရေတစ်ပေါက်ရဖို့ တောတောင်ရေမြေကောင်းစတဲ့ အခြေခံကောင်းတွေ အများကြီးလိုအပ်ပါတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်မပျက်စီးသွားရအောင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စကို စီးပွားရေးဖွံ့ဖြိုးမှုဆောင်ရွက်မယ့် လုပ်ငန်းတိုင်းမှာ ထည့်သွင်းစဉ်းစားဆောင်ရွက်မှသာ မှန်ကန်တဲ့ဖွံ့ဖြိုးတိုးတက်မှုရနိုင်မှာဖြစ်ပါတယ်။ မှန်ကန်တဲ့ဖွံ့ဖြိုးတိုးတက်မှုရရှိရေးမှာ အဓိက အခက်အခဲအနေနဲ့ကတော့ လူဦးရေတိုးပွားမှုနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ တစ်ဖက်သတ်တွေးခေါ်လုပ်ကိုင်မှုတွေပဲဖြစ်ပါတယ်။ မမှန်ကန်တဲ့ဖွံ့ဖြိုးတိုးတက်မှုဟာလည်း သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးမှာ အခက်အခဲအတားအဆီးသဖွယ်တည်ရှိနေမှာ ဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေနဲ့ပတ်သက်လို့ လေ့လာကြည့်မယ်ဆိုရင် ၁၉၅၀ပြည့်နှစ်က ၂ ဒသမ ၅ ဘီလီယံသာရှိခဲ့ပေမယ့်လည်း ၂၀၀၀ပြည့်နှစ်မှာ ၆ ဒသမ ၂၄ ဘီလီယံအထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ ကမ္ဘာ့လူဦးရေဟာ ၆ ဒသမ ၇၉ ဘီလီယံရှိကြောင်း အမေရိကန်သန်းခေါင်စာရင်းဗျူရိုကကြေညာခဲ့ပါတယ်။ ခရစ်နှစ် ၂၀၁၅ခုနှစ်မှာ ၇ဒသမ ၅၆ဘီလီယံနဲ့ ၂၉၅၀ ပြည့်နှစ်မှာ ၁၀၁ ဒသမ ၃ ဘီလီယံအထိ တိုးပွားလာမှာဖြစ်တဲ့အကြောင်း ပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။ တိုးတက်လာတဲ့ လူဦးရေအတွက် အစားအစာဖူဖူလုံလုံ၊ သောက်ရေလောက်လောက်ငငေ၊ အနေအထိုင်သန့်သန့်ပြန့်ပြန့်ပံ့ပိုးနိုင်ဖို့ ကိစ္စတွေဟာ မလွယ်ကူတဲ့အတွက် အမြန်ဆုံးနည်းလမ်းတွေရှာကြံရင်း တစ်ဖက်စွန်းရောက် အတွေးတွေနဲ့ ဆောင်ရွက်ကြလို့လည်း ပတ်ဝန်းကျင်တွေပိုပြီး ပျက်စီးခဲ့ရပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စကို လူတိုင်းသိရှိဖို့အတွက် အသိပညာပေးလုပ်ငန်းနဲ့ သဘာဝသယံဇာတတွေကို မပျက်စီးစေဘဲ အစွမ်းကုန်အသုံးချနိုင်ဖို့အတွက် နည်းလမ်းတွေအကောင်အထည်ဖော်ဆောင်ရွက်ရမှာသာဖြစ်ပါတယ်။

ဥပမာပြောရရင် စက္ကူအသစ်တစ်တန်ထုတ်လုပ်နိုင်ဖို့အတွက် အရွယ်ရောက်သစ်ပင် ၁၇ ပင်၊ ရေချိုဂါလန် ၇၁၀၀နဲ့ လျှပ်စစ်ကီလိုဝပ်နာရီ ၄၁၀၀ ကုန်ကျမှာဖြစ်တဲ့အတွက် စက္ကူသုံးစွဲမှုချွေတာဖို့နဲ့ ပြန်လည်အသုံးပြုစက္ကူကို သုံးစွဲကြဖို့ လိုအပ်တာကို တွေ့ရှိရပါတယ်။

ကမ္ဘာမှာ ရေငန် ၉၇ ရာခိုင်နှုန်းနဲ့ ရေချို သုံးရာခိုင်နှုန်းရှိပါတယ်။ အဲဒီရေချို သုံးရာခိုင်နှုန်းထဲက နှစ်ရာခိုင်နှုန်းဟာ ရေခဲတောင်မှာရှိပြီး ကျန်ရှိတဲ့တစ်ရာခိုင်နှုန်းဟာ မြေအောက်ရေနဲ့ မြစ်ချောင်းတွေမှာ တည်ရှိပါတယ်။ ဒါတွေကိုကြည့်ရင် အနာဂတ်ကာလမှာ ရေရှားပါးမှုပြဿနာရှိလာနိုင်တယ်လို့ ပြောရမှာပဲ ဖြစ်ပါတယ်။ တစ်စက္ကန့်မှာ ရေတစ်ပေါက်ကျနေတဲ့ ရေပိုက်ခေါင်းကို မပြင်ဘဲထားမယ်ဆိုရင် တစ်နှစ်အတွင်း ရေဂါလန် ၈၈၀ ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ရေချိုကိုထိန်းသိမ်းပြီး အကျိုးရှိရှိ အသုံးပြုတတ်ဖို့လိုအပ်တာကို တွေ့ရှိရပါတယ်။

လျှပ်စစ်ချွေတာမှုအနေနဲ့ တီဗွီကိုကြည့်သူမရှိဘဲ ဖွင့်ထားခြင်း၊ နေ့အလင်းရောင်ရှိပေမယ့်လည်း မီးပိတ်ဖို့ မေ့နေခြင်း၊ လူမရှိဘဲ ပန်ကာ၊ လေအေးပေးစက်ဖွင့်ထားခြင်း စတာတွေကိုရှောင်ကြဉ်ကြရပါမယ်။စွမ်းအင်ချွေတာမှုအနေနဲ့ကတော့ ခရီးအကွာအဝေး မဝေးလွန်းဘူးဆိုရင် ခြေကျင်သွားသင့်ပါတယ်။ ဒါမှလည်း ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု လျှော့ချဖို့အတွက် အထောက်အကူပြုနိုင်သလို ကျန်းမာရေးအတွက်လည်း အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ မော်တော်ယာဉ်တစ်စီးဟာ ခရီးအကွာအဝေး ၁ ဒသမ ၅ ကီလိုမီတာရှိတဲ့ ခရီးတစ်ခုကို မောင်းရမယ်ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ကီလိုဂရမ်တစ်ဝက်လောက် ထုတ်လွှတ်တာဖြစ်တဲ့အတွက် ရက်သတ္တတစ်ပတ်မှာ ခရီးအကွာအဝေးကီလိုမီတာ ၃၀ ခန့်လျှော့ချလိုက်ရင်တော့ တစ်နှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ကီလိုဂရမ် ၄၅၀ လောက် လျော့ကျသွားမှာဖြစ်ပါတယ်။

ကမ္ဘာ့လူသားတွေဟာ စားဝတ်နေရေးအတွက် ပစ္စည်းတွေဝယ်ယူသုံးစွဲပြီး ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ အလေအလွင့်၊ အမှိုက်သရိုက်၊ အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းစတာတွေကို နေ့စဉ်စွန့်ပစ်နေကြတဲ့အတွက် ကမ္ဘာမှာရှိတဲ့ မြို့တော်ကြီးတွေမှာဆိုရင် တစ်နေ့ပျမ်းမျှတန်ချိန်ခုနစ်သိန်းကျော်ထုတ်ပစ်နေရပါတယ်။ ဒါကြောင့် အမှိုက်စွန့်ပစ်ရာမှာလည်း အမျိုးအစားခွဲခြားပြီး ပြန်လည်အသုံးပြုနိုင်တဲ့ပစ္စည်းအဖြစ် အသုံးပြုရမှာဖြစ်သလို တချို့ကို သဘာဝမြေဩဇာအဖြစ် အသုံးပြုသင့်ပါတယ်။

ဈေးဝယ်၊ ပစ္စည်းသယ်၊ ကုန်ပစ္စည်းထည့်တဲ့နေရာမှာလည်း ပလတ်စတစ်အိတ်တွေကို ထုတ်လုပ်သုံးစွဲနေကြပါတယ်။ နှစ်စဉ်နှစ်တိုင်း ပလတ်စတစ်အိတ်ဘီလီယံ ၁၀၀ အတွက် လိုအပ်တဲ့ကုန်ကြမ်းအနေနဲ့ လောင်စာဆီစည်ပေါင်း ၁၂ သန်းကုန်ကျတာတွေ့ရပါတယ်။ ပလတ်စတစ်အိတ်တစ်ခုဆွေးမြည့်ဖို့ကလည်း ၇၅ နှစ်ကြာမြင့်ပါတယ်။ ဒါကြောင့် ဈေးဝယ်တဲ့အခါ ခြင်း ဒါမှမဟုတ် အိတ်ကိုအသုံးပြုမယ်ဆိုရင် ပလတ်စတစ်လွှမ်းမိုးတဲ့အမှိုက်ပုံနဲ့ ရေမြောင်းတွေမတွေ့ရတော့ဘဲ ကုန်ကြမ်းလောင်စာဆီကိုလည်း ချွေတာနိုင်တော့မှာဖြစ်ပါတယ်။

၂၀၁၀ပြည့်နှစ်တုန်းက မြန်မာနိုင်ငံရဲ့မြို့ တော်တော်များများမှာ အပူချိန်အမြင့်ဆုံးစံချိန်သစ်တွေ တင်တဲ့အထိ ဖြစ်ပေါ်ခဲ့တဲ့အတွက် ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်းတွေ တိမ်ကောခန်းခြောက်ခဲ့လို့ သောက်သုံးရေရှားပါးမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါဟာ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ အကြောင်းအရာတွေပဲဖြစ်ပါတယ်။ ကမ္ဘာကြီးပိုပြီး ပူနွေးလာမှုနဲ့ ရာသီဥတုပြောင်းလဲလာမှုတို့ရဲ့ အကျိုးဆက်အဖြစ် ပေါ်ပေါက်လာတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေဖြစ်တဲ့ သဘာဝဘေးအန္တရာယ်တွေကို ဖြေရှင်းနိုင်ဖို့ဆိုရင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနဲ့ သဘာဝတောတွေကို ပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းကာကွယ်ခြင်းစတဲ့ လုပ်ငန်းစဉ်တွေဟာ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနဲ့ အကောင်းဆုံးနည်းလမ်းသာ ဖြစ်တဲ့အတွက် ရေရှည်စီမံချက်ချပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သစ်တောတွေဟာ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့တွေကို စုပ်ယူသိုလှောင်ခြင်းနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေထိန်းသိမ်းခြင်း၊ ဂေဟစနစ်မျှခြေကိုထိန်းညှိပေးခြင်း စတဲ့ လုပ်ငန်းတွေကို အဓိကလုပ်ဆောင်ပေးတာကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးကလည်း အသိအမှတ်ပြု လက်ခံလာကြပြီဖြစ်ပါတယ်။

ဒါကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ဆိုရင် သစ်ပင်စိုက်ကြရမှာပဲဖြစ်ပါတယ်။ မိမိနေထိုင်တဲ့ အိမ်၊ ခြံ၊ ဝန်းကျင်မှာသစ်ပင်စိုက်တဲ့အလေ့အကျင့်လုပ်ပြီး စိုက်ပျိုးကြမယ်ဆိုရင် အရိပ်၊ အသီး၊ အပွင့်လည်းရသလို သန့်စင်တဲ့ လေနဲ့သစ်ကိုလည်းသုံးစွဲနိုင်မှာဖြစ်တဲ့အပြင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုပါ စုပ်ယူထိန်းသိမ်းထားနိုင်မှာဖြစ်ပါတယ်။

သစ်တောတွေကို ထိန်းသိမ်းကာကွယ်တဲ့အတွက် တိုက်ရိုက်အကျိုးကျေးဇူးတွေအနေနဲ့ အဖိုးတန်သစ်၊ ထင်း၊ ဝါးနဲ့သစ်မဟုတ်တဲ့အခြား သစ်တောထွက်ပစ္စည်းတွေ ပိုပြီးပေါကြွယ်ဝလာစေရုံသာမက ဇီဝမျိုးစုံမျိုးကွဲတွေ တိုးပွားလာခြင်း၊ ရေကောင်းရေသန့်တွေပေါများစွာရရှိနိုင်ခြင်း၊ သဘာဝရေထွက်တွေကို ပေါများလာစေခြင်း၊ ရာသီဥတုမျှတ ကောင်းမွန်ခြင်း စတာတွေကို ရရှိခံစားနိုင်မှာဖြစ်သလို သစ်တောတွေတည်ရှိမှုကြောင့် မြေဆီမြေလွှာတွေ ထိန်းသိမ်းနိုင်ခြင်း၊ လေကောင်းလေသန့်ရရှိခြင်း၊ မြစ်၊ ချောင်းနဲ့ ဆည်တွေ မတိမ်ကောစေဖို့ ရေဝေရေလဲ ဧရိယာတွေထိန်းသိမ်းပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွေ အထွက်နှုန်းတိုးခြင်း၊ ကျေးလက်ဒေသနေပြည်သူတွေ လူနေမှုအဆင့်အတန်း မြင့်မားစေခြင်းစတဲ့ အကျိုးကျေးဇူးတွေကိုပါ ရရှိနိုင်မှာဖြစ်ပါတယ်။ သစ်တောကာကွယ်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းတွေမှာ ငွေကြေးကုန်ကျမှုတွေရှိပေမယ့်လည်း ဒီလိုကုန်ကျမှုတွေဟာ နောင်ကာလတွေအတွက် အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ ဒါမှလည်း ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲပြဿနာတွေကို ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။

ဒီရေတောတွေဟာ မြစ်ဝကျွန်းပေါ်ဒေသမှာ ဖြစ်ပေါ်ခဲ့တဲ့ မုန်တိုင်းဒဏ်ကို အထိုက်အလျောက် သက်သာစေခဲ့ပါတယ်။ ဆူနာမီအဖြစ်အပျက်မှာလည်း သုတေသနပြုချက်တွေအရဒီရေတောရှိတဲ့နေရာမှာအပျက်အစီး၊ အသေအပျောက်နည်းခဲ့တာကို သိရှိရပါတယ်။ ဥပမာအနေနဲ့ ပြောရရင် အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (IUCN) ရဲ့ သုတေသနလေ့လာချက်တွေအရ ၂၀၀၄ခုနှစ် ဆူနာမီရေလှိုင်းကြီးတွေ ရိုက်ခတ်ခဲ့စဉ်တုန်းက သီရိလင်္ကာနိုင်ငံမှ ဒီရေတောတွေ ဝန်းရံနေတဲ့ ရွာမှာ လူနှစ်ဦးသာသေဆုံးခဲ့ပြီး အနီးအနားက ဒီရေတောမရှိတဲ့ ရွာမှာ လူ ၆၀၀၀ ကျော်သေဆုံးခဲ့တာကို သိရှိရပါတယ်။ ဒါတွေကိုကြည့်ရင် ဒီရေတောတွေက သဘာဝဘေးရန်သက်ရောက်မှုကို ဘယ်အတိုင်းအတာအထိ လျော့ပါးစေနိုင်ခဲ့တယ်ဆိုတာကို ခန့်မှန်းချင့်ချိန်လို့ ရပါတယ်။ ဒါကြောင့် ဒီရေတောတွေထိန်းသိမ်းဖို့နဲ့ ပြန်လည်စိုက်ပျိုးဖို့ လိုအပ်တာကို တွေ့ရှိရပါတယ်။

ဗီယက်နမ်နိုင်ငံမှာလည်း ဒီရေတောပြန်လည် တည်ထောင်ရေးစီမံကိန်းတွေကြောင့် ပင်လယ်ကမ်းရိုးတန်းမှာရှိတဲ့ ရေလှိုင်းကာ တာတမံတွေကို ထိန်းသိမ်းရာမှာ ကုန်ကျစရိတ်အတော်လျော့ကျစေခဲ့တာကိုတွေ့ရပါတယ်။ ရေတာတမံတွေကို ထိန်းသိမ်းရတဲ့ ကုန်ကျစရိတ်ဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ သန်းခန့်ရှိပြီး ဒီရေတောတွေကို စိုက်ပျိုးထိန်းသိမ်းရတဲ့ ကုန်ကျစရိတ်ဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃သန်းသာ ရှိပါတယ်။ ဒီရေတောတွေကြောင့် ရေလှိုင်းကာ တမံတွေ ထိန်းသိမ်းစရိတ်သက်သာသွားရုံမက တိုင်ဖွန်းမုန်တိုင်းကြောင့် ဖြစ်လာတဲ့ အသေအပျောက်၊ အပျက်အစီးတွေနည်းပါးသွားပြီး ဒေသခံတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုဖြစ်တဲ့ ရေလုပ်ငန်းကိုပါ အထောက်အကူပြုခဲ့တာကို တွေ့ရှိရပါတယ်။

မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့မှာ ၂၀၁၀ ပြည့်နှစ် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကျင်းပခဲ့ရာ ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်နိုင်ဖို့အတွက် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို နိုင်ငံအားလုံးက လက်ခံခဲ့ကြကြောင်း သိရှိရပါတယ်။ အပူချိန်တိုးတက်မှု ၁ဒသမ ၅ဒီဂရီစင်တီဂရိတ်နဲ့ ၂ ဒီဂရီစင်တီဂရိတ်အကြား ထားရှိဖို့နဲ့ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ စုစုပေါင်းကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၂၀ပြည့်နှစ်မှာ ၁၉၉၀ ပြည့်နှစ်က အဆင့်ထက် ၂၅ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းအထိ လျှော့ချဖို့ သဘောတူခဲ့ကြပါတယ်။ ဒါ့အပြင် အပူပိုင်းသစ်တောတွေ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး ကမ္ဘာ့နိုင်ငံတွေက ဆင်းရဲတဲ့နိုင်ငံတွေအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကို ရန်ပုံငွေအဖြစ် ထူထောင်ပေးဖို့ကိုလည်း သဘောတူခဲ့ကြပါတယ်။

ကမ္ဘာကြီးပူနွေးလာမှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုစတဲ့ အကြောင်းခံတွေကြောင့် အကျိုးဆက်တွေအနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အင်အားပြင်းထန်တဲ့ ငလျင်လှုပ်မှု၊ မုန်တိုင်းကြီးတွေတိုက်ခတ်မှု၊ မီးတောင်တွေပေါက်ကွဲမှု၊ ရေကြီးနစ်မြုပ်မှု၊ တောမီးလောင်ကျွမ်းမှု၊ ဆူနာမီကဲ့သို့ ရေလှိုင်းကြီးတွေရိုက်ခတ်မှုနဲ့ မြေပြိုမှုတွေဖြစ်ပွားခဲ့ရပြီး လူသားတွေရဲ့ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့အပြင် ပစ္စည်းဥစ္စာတိုက်တာ အိုးအိမ်များစွာတို့လည်း ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

အခုတလော ဖေဖော်ဝါရီလ ၂၂ ရက်နေ့က တောင်နယူးဇီလန်နိုင်ငံခရစ်ချပ်ချ်မြို့မှာအင်အားရစ်ချ်တာ စကေး ၆ ဒသမ ၃ရှိ အင်အားပြင်းမြေငလျင် လှုပ်ခဲ့ရာ ဖေဖော်ဝါရီလ ၂၅ရက်နေ့အထိ သေဆုံးသူ ၁၁၃ ဦးနဲ့ ပျောက်ဆုံးနေသူ ၂၂၈ ဦးရှိပြီး လူပေါင်းလေးသိန်း နီးပါးဟာ ငလျင်ဒဏ်ခံစားခဲ့ကြရပါတယ်။ ငလျင်ဒဏ်ကြောင့် အဆောက်အအုံတွေ ပျက်စီးခြင်း၊ လျှပ်စစ်မီးနဲ့ တယ်လီဖုန်းလိုင်းတွေ ပြတ်တောက်ခြင်း၊ ရေပိုက်လိုင်းတွေ ပြတ်တောက်ပြီး လမ်းမတွေအပေါ် ရေလွှမ်းခြင်း စတာတွေလည်းဖြစ်ပေါ်ခဲ့ပြီး နှစ်ပေါင်း ၈၀ အတွင်းမှာတော့ အဆိုးရွားဆုံး မြေငလျင်လှုပ်မှုတစ်ခုပဲ ဖြစ်ပါတယ်။

ဒီလို သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ စက်မှုလက်မှုထွန်းကားတဲ့ နိုင်ငံကြီးတွေအနေနဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၊ လေထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ များပြားလာမှုနဲ့ လူတွေရဲ့ ပယောဂကြောင့် သစ်တောတွေ၊ မြစ်ချောင်းအင်းအိုင်တွေ၊ ဂေဟစနစ်တွေ ပျက်စီးလာမှုတို့ကြောင့်ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ သစ်တောကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထင်းအစား အခြားလောင်စာသုံးစွဲခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းတွေ ထူထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်စေဖို့ ဆောင်ရွက်ခြင်း၊ သစ်နဲ့ သစ်တောထွက်ပစ္စည်းတွေ စည်းကမ်းမဲ့ထုတ်ယူမှုထိန်းသိမ်းခြင်း၊ လူထုပညာပေးလုပ်ငန်းတွေဆောင်ရွက်ခြင်းစတာတွေကို ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အနေနဲ့ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်သလို နိုင်ငံသားတိုင်းကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရာမှာ နိုင်ငံတော်ကို ကူညီဖို့တာဝန်ရှိတဲ့အကြောင်း ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ၁၉၉၀ပြည့်နှစ်မှာ ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းနဲ့ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းစတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်အနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါတယ်။ အာရှဒေသဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး မဟာဗျူဟာစီမံချက်ကို အာရှဒေသ ၁၂ နိုင်ငံနဲ့အတူ ပူးပေါင်းရေးဆွဲခဲ့ပါတယ်။ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနဲ့ အိုဇုန်းစည်းမျဉ်းဥပဒေတွေကိုလည်း မူကြမ်းရေးဆွဲနိုင်ခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အနေနဲ့ သစ်တောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနဲ့ ဒီရေတောစိုက်ခင်းတွေကို တိုးချဲ့စိုက်ပျိုးနေသလို သဘာဝတောနဲ့ သဘာဝဒီရေတောတွေကိုလည်း ထိန်းသိမ်းပြုစုကာကွယ်လျက်ရှိပါတယ်။ ဒါ့အပြင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ဖို့ သဘာဝနယ်မြေတွေကိုလည်း အရင်ကထက်ပိုပြီး တိုးတက်တည်ထောင်ခဲ့ပါတယ်။ အပူပိုင်းဒေသ၊ ပဲခူးရိုးမနဲ့ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို နှစ်ရှည်စီမံကိန်းရေးဆွဲပြီး စီမံကိန်းအတွက် အထောက်အကူပြုစေမည့် သုတေသနလုပ်ငန်းတွေကိုပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အပြင် အပူပိုင်းဒေသတွေမှာ ရေရရှိရေးအတွက် ရေကန်၊အဝီစိတွင်းနဲ့ နုန်းတားဆည်စတဲ့ မြေအောက်ရေရရှိရေးစီမံကိန်းတွေကိုလည်း အရှိန်အဟုန်နဲ့ တိုးမြှင့်တူးဖော် တည်ဆောက်ပေးလျက်ရှိပါတယ်။ ဒါတွေကိုကြည့်ရင် မြန်မာနိုင်ငံဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး လျစ်လျူရှု ပစ်ပယ်မထားဘဲ အလေးအနက်ထား ဆောင်ရွက်နေတယ်ဆိုတာကို အထင်အရှားတွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာမြေကြီးပြန်လည်စိမ်းလန်းပြီး အေးချမ်းသာယာစေဖို့ လူသားအားလုံးက ကိုယ်စီကိုယ်င ကြိုးပမ်းဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

ဝါးသီးမြစ်ရေတင်လုပ်ငန်းနှင့် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် အုတ်တွင်းမြို့နယ် ဝါးသီးကျေးရွာ ဝါးသီးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ စစ်တောင်းမြစ်မှ မြစ်ရေတင်လုပ်ငန်း ပင်မမြောင်းအတွင်း ရေသွင်းနေမှု၊ ပင်မမြောင်းအတွင်း ရေစီးရေလာကောင်းမွန်မှုနှင့် မြောင်းဘေး ဝဲ/ယာ အောင်မြင်ဖြစ်ထွန်းနေသော နှမ်းပေါးစိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် သံဘိုကျေးရွာရှိတောင်သူတစ်ဦး၏ လယ်မြေအတွင်း နှမ်းပေါးစိုက်ပျိုးထားရှိမှုနှင့် မြေဩဇာကြဲပက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုမှတစ်ဆင့် အုတ်တွင်းမြို့နယ် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း၌ ရေလွှဲဆည် ကြွခိုင်ကောင်းမွန်မှုကိုလည်းကောင်း၊ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၄ ရက်တွင် တောင်ငူတပ်နယ် နှစ်ဆောင်ပြိုင်ကျေးရွာ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တပ်တွင်းမူကြိုကျောင်းကို ကြည့်ရှုစစ်ဆေး၍ ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက်အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း)သို့ ရောက်ရှိပြီး ကွန်ပျူတာခန်း(Language Lab) နှင့် ကျောင်းသား၊ကျောင်းသူများ စာမေးပွဲ ဖြေဆိုနေမှုကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းအဆောက်အအုံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)တွင် လက်ဝှေ့အားကစားလေ့ကျင့်ရေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အား/ကာ)

အားကစားကွင်း/အားကစားရုံတည်ဆောက်နေမှုများ ဝန်ကြီး သူရဦးအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က တာဝန်ယူတည်ဆောက်နေသည့် လက်ဝှေ့အားကစားလေ့ကျင့်ရေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရယူနိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်လက်ဝှေ့ အားကစားသမားများ ကျူးဘားနည်းပြဆရာဖြင့် လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပိုက်ကျော်ခြင်းအားကစားရုံ၌ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားသမားများ လေ့ကျင့်နေရာသို့ ရောက်ရှိ၍ ၂၀၁၀ ခုနှစ် ကွမ်ကျိုးအာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရယူကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်နည်းတူ နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုများ ဆက်လက်ရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် စည်းလုံးညီညွတ်မှုဖြင့် အချင်းချင်းရိုင်းပင်းဖေးမကူညီ လက်တွဲလေ့ကျင့်ကြိုးစားသွားကြရန် မှာကြားပြီး လေ့ကျင့်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိဘော့စ်ဘောအားကစားကွင်း ပွဲကြည့်စင် တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကွင်း၌ ရွှေသံလွင် ထရေးဒင်းကုမ္ပဏီလီမိတက် ဆောက်လုပ်ရေးလုပ်ငန်းစုက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရိုးရာလက်ဝှေ့အားကစားပြိုင်ပွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားပြိုင်ပွဲရုံ၌ လေအေးပေးစနစ်၊ အဆင့်မြင့်အသံစနစ်နှင့် ရုပ်မြင်သံကြား မြင်ကွင်းကျယ် LED Score Board စနစ်တို့ တပ်ဆင်ထားရှိပြီး နိုင်ငံတကာအဆင့်မီ အားကစားပြိုင်ပွဲရုံ တစ်ရုံအဖြစ်တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း လမ်းသစ်နှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲများ တက်ရောက်

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပြီးစီးသည့် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ လမ်းအရှည်ပေ ၂၂၀၀နှင့် အကျယ် ၁၄ပေ မင်းရဲကျော်စွာလမ်း ကွန်ကရစ်လမ်းသစ်နှင့် လမ်းသွယ်ကွန်ကရစ်လမ်းသစ်များဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လမ်းသစ်များကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ တစ်ထပ် Steel Structure ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ လမ်းအရှည်ပေ ၁၈၀၀နှင့် အကျယ် ၁၆ပေရှိ စာဂလမ်း ကွန်ကရစ်လမ်းသစ်နှင့် လမ်းသွယ်ကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲအခမ်းအနားများနှင့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၈)အခြေခံပညာမူလတန်းကျောင်း အလျားပေ ၁၀၀ နှင့် အကျယ်ပေ ၃၀ ရှိ တစ်ထပ် Steel Structure ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကာလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၂) အခြေခံပညာမူလတန်းကျောင်း အလျားပေ ၁၂၀နှင့် အကျယ်ပေ ၃၀ ရှိ တစ်ထပ် Steel Structure ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုများ ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာ ဒုတိယဆုနှင့်သိပ္ပံဘာသာ တတိယဆုရရှိသော တတိယတန်းမှ မောင်ဇင်ရဲလူအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဖြူဖြူမာ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း (တာမွေ)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ဒုတိယတန်း(က-၁)မှ ဒုတိယရရှိသော မောင်အောင်ကောင်းဗိုလ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မှော်ဘီမြို့နယ် စံပြ-ကုန်းကလေး လမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော အရှည် နှစ်မိုင် လေးဖာလုံရှိ စံပြ-ကုန်းကလေးလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းနှင့် အမှုဆောင်အရာရှိ ဦးရဲမင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

Singapore National Eye Centre မှ မျက်စိအထူးကု ဆရာဝန်ကြီး Prof. Dr. Tin Ag မျက်စိရေတိမ် ရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

မျက်စိရေတိမ်အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အမေရိကန်ဗွီးရှင်း မျက်စိအထူးကုဆေးရုံက ကြီးမှူးကျင်းပပေးပြီး Singapore National Eye Centre မှ မျက်စိအထူးကုဆရာဝန်ကြီး Prof. Dr. Tin Ag က မျက်စိရေတိမ်ရောဂါအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ မျက်စိအထူးကုဆရာဝန်ကြီးများ၊ စိတ်ပါဝင်စားသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စာနယ်ဇင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမေရိကန်ဗွီးရှင်းမှ မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ်ယူထားသော ဂျာမနီနိုင်ငံ Zeiss ကုမ္ပဏီထုတ် မျက်စိအမြင်လွှာနှင့် မျက်စိရေတိမ်ရောဂါကို စစ်ဆေးပေးသော သုံးဖက်မြင် 3D Cirrus HD-OCT စက်ကြီးနှင့် Visante OCT စက်ကြီးကို ပြသထားပြီး စိတ်ပါဝင်စားကြသော ဆရာဝန်ကြီးများနှင့် ဧည့်သည်တော်များက စမ်းသပ်စစ်ဆေးမှုခံယူခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဒေသခံပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းမျ
လက်ဆင့်ကမ်းအသုံးပြုနိုင်ရန် အရှည်တည်တံ့အောင် ထိန်းသိမ်းကာ

○ **ရွှေဖုံးမှ**

ရွှေဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်က အမှာစကားပြောကြားရာတွင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်အောင် ပုသိမ်-မုံရွာ ကားလမ်းမကြီးကို ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပုသိမ် - ကြံခင်း - ပခုက္ကူ - ကလေး၊ ပခုက္ကူ-မုံရွာ-မန္တလေး-မြစ်ကြီးနား စသည့် ရထားလမ်းများ၊ ဆက်စပ်သွားလာနိုင်မည့် ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင်ရှိ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ အတွင်းရှိ နယ်မြေဒေသအသီးသီးသည် မြစ်အရှေ့ဘက်ခြမ်းဒေသများနည်းတူ ပညာရေး၊

ထို့နောက် ဝန်ကြီး ဦးအောင်မင်းက ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက "ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများသည် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းယှဉ်ပါက ရေမြေသယံဇာတ မကွာခြားသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသရှိ စီးပွားရေး၊ လူမှုရေး အခြေအနေတန်းတူညီတူ ဖြစ်စေရန် လိုအပ်ကြောင်း" လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း နယ်မြေအသီးသီးသို့ ကားဖြင့် ဆက်စပ်သွားနိုင်သည့် ပုသိမ်-မုံရွာ ကားလမ်းမကြီး ဖောက်လုပ်ပေးခဲ့သည့်

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးစိုးသိန်းနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့ ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျန်းမာရေး၊ စီးပွားရေး ၊ လူမှုရေးတို့တွင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ပိုင်ဆိုင်လာတော့မည်ဖြစ်ကြောင်း၊ အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရှည်မိုင် ၁၉ ဒသမ ၅၉မိုင်ရှိ ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းသစ် ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ကာယ၊ ဉာဏဝန်ထမ်းများ၏ ဆောင်ရွက်မှုစွမ်းပကားကို မှတ်တမ်းတင်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုနိုင်ရန် အရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။

အပြင် ယခင်က ပုသိမ်မှ ကြံခင်း အထိသာရှိသည့် မီးရထားလမ်းကို ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိက ရထားလမ်းမကြီးအဖြစ် ပေါ်ထွန်းလာမည့် အရှည်မိုင် ၃၂၀ ရှိ ကြံခင်း-ပခုက္ကူ မီးရထားလမ်းမကြီးကို အပိုင်းလိုက် ဖောက်လုပ် ဖွင့်လှစ်ပေးလျက်ရှိရာ ကျွန်းချောင်း-ဒေါင်းသာ အရှည်မိုင် ၁၉ ဒသမ ၅၉ မိုင်ရှိ ရထားလမ်းသစ် ဖွင့်ပွဲသည် (၁၀)ကြိမ်မြောက် ဖွင့်ပွဲဖြစ်ပြီး ပွင့်ဖြူ-ဆင်ဖြူကျွန်းအပိုင်း ဖောက်လုပ်ပြီးစီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထားတောက်လျှောက် ပြေးဆွဲပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထား အနေဖြင့် ပြည်ထောင်စုအတွင်း တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်မှုစရိတ်သက်သာ၍ လွယ်ကူသွားလာနိုင်ရေးအတွက် မူလရှိပြီး ရထားလမ်းများနှင့် ဆက်စပ်ပြီး အမျိုးသားမီးရထားကွန်ရက် (National Railway Network) အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယနေ့ဆိုလျှင် မိုးများ

ပြီး မြစ်ချောင်းပေါ်များသည့် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းတို့ ဆက်သွယ်နိုင်မည့် အရှည် ၂၅၇ မိုင်ရှိ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး နယ်မြေများကို ဖြတ်ကျော်၍ မြန်မာနိုင်ငံ တစ်နံတစ်လျား အရှေ့အနောက် တောင်

မြောက် ဝဲ/ယာ ဆက်သွယ် သွားလာနိုင်မည့် ရထားလမ်းများကို အပိုင်းလိုက် ဖောက်လုပ်ကာ ပြီးစီးသမျှ လမ်းပိုင်းများကို လစဉ်နီးပါး ဖွင့်လှစ်ပေးနေကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်စေရေးသာမက လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး အခန်းကဏ္ဍတွင် နိုင်ငံနှင့် ပြည်သူအကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျွန်းချောင်း-ဒေါင်းသာရထားလမ်းပိုင်း ဖောက်လုပ် ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးများသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့က ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်က အထိမ်းအမှတ်မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ရထားဖြင့် စီးနင်းလိုက်ပါကြမည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းတစ်လျှောက် ရထားပြေးဆွဲခုတ်မောင်းမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းဖွင့်ပွဲ အထူးရထားဖြင့် စီးနင်းလိုက်ပါကြမည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဖွင့်ပွဲအထူးရထားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး ဖွင့်ပွဲ အထူး

ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းဖွင့်ပွဲ အထူးရထားဖြင့် စီးနင်းလိုက်ပါကြသည့် ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ဖွင့်လှစ်သည့် အရှည်မိုင် ၁၉ ဒသမ ၅၉ မိုင်ရှိ ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းသည် တောင်မြောက်သွယ်တန်း တည်ရှိနေသည့် တန့်ကြည့်တောင်အား အရှေ့မှ အနောက်သို့ ကန့်လန့်ဖြတ်လျက် ဖောက်လုပ်ကာ နည်းပညာစိန်ခေါ်မှုတစ်ရပ်ကို မြန်မာ့မီးရထားအင်ဂျင်နီယာများက အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ကြံခင်း-ပခုက္ကူရထားလမ်းတွင် (၁၀)ကြိမ်မြောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည့် လမ်းပိုင်းတစ်ခုဖြစ်ပြီး ပွင့်ဖြူ-ဆင်ဖြူကျွန်းအပိုင်း ဖောက်လုပ်ပြီးစီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထားတောက်

ရထားစတင်ပြေးဆွဲ

ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

အခြေခံကောင်းများကို သားစဉ်မြေးဆက် ...င် ထိန်းသိမ်းကာကွယ်သွားကြရန် လိုအပ်

ရထားဖြင့် စီးနင်းလိုက်ပါကြမည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းတစ်လျှောက် ရထားပြေးဆွဲခုတ်မောင်းမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

လျှောက် ပြေးဆွဲပေးနိုင်တော့မည်ဖြစ်သည်။ ကျွန်းချောင်း-ဒေါင်းသာရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ရထားလမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားတစ်စင်း၊ ပေ ၁၈၀ အောက် တံတား ၅၄ စင်း တံတားကြီးငယ် စုစုပေါင်း ၅၅ စင်း၊ ဘလောက်ဘူတာများဖြစ်သည့် တန့်ကြည့်တောင် ဘူတာ၊ ရွာသစ်ဘူတာ၊ ထန်းခြောက်ပင် ဘူတာနှင့် ရပ်နားစခန်းဘူတာအဖြစ် အရာ

သွားလာပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။ မြန်မာ့မီးရထားအနေဖြင့် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်း ၁၃ ခုရှိပြီး စုစုပေါင်းခရီးမိုင် ၂၂၆၅ မိုင်ရှိကာ ဖွင့်လှစ်ပြီး ခရီးမိုင်မှာ ၄၁၄ မိုင်ရှိသဖြင့် ဖောက်လုပ်ဆဲရထားလမ်းခရီးမိုင် ၁၈၅၁ မိုင်ကို အမြန်ဆုံး အပိုင်းလိုက် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

...တင်ပစ္စည်းများပေးအပ်

...တွင် ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းဖွင့်ပွဲ ...ပါကြမည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်း ...များ ပေးအပ်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦး အောင် မင်း ကျွန်းချောင်း-ဒေါင်း သာ ရထားလမ်းပိုင်း ဖွင့်ပွဲ အထူး ရထားဖြင့် စီးနင်း လိုက်ပါကြမည့် ဒေသခံ ပြည် သူ များ အား ဖွင့်ပွဲ အထိမ်းအမှတ် လက် ဆောင် ပစ္စည်း များ ပေးအပ်စဉ်။ (သတင်းစဉ်)

ယနေ့ဖွင့်လှစ်သည့် အရှည်မိုင် ၁၉ ဒသမ ၅၉ မိုင်ရှိ ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းသည် တောင်မြောက်သွယ်တန်း တည်ရှိနေသည့် တန့်ကြည့်တောင်အား အရှေ့မှ အနောက်သို့ ကန့်လန့်ဖြတ်လျက် ဖောက်လုပ်ကာ နည်းပညာစိန်ခေါ်မှု တစ်ရပ်ကို မြန်မာ့မီးရထားအင်ဂျင်နီယာများက အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ကြံခင်း-ပခုက္ကူရထားလမ်းတွင် (၁၀)ကြိမ်မြောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည့် လမ်းပိုင်းတစ်ခုဖြစ်ပြီး ပွင့်ဖြူ-ဆင်ဖြူကျွန်းအပိုင်း ဖောက်လုပ်ပြီးစီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထားတောက်

တော်ဘူတာ ဘူတာပေါင်း စုစုပေါင်း လေးဘူတာ၊ အများဆုံး အကွေ့ ဒီဂရီ ၁၁ ဒသမ ၃၀ ဒီဂရီ၊ ကွေ့ပေါင်း ၆၆ ကွေ့နှင့် အများဆုံး ဆင်ခြေလျှောမှာ ၁ အချိုး ၈၀ ဖြစ်ကာ ဖောက်လုပ်ချိန် သုံးနှစ်နှင့် သုံးလ ကြာမြင့်သည်။

ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး ပြီးစီးပါက ပခုက္ကူမှ ကလေးအထိ လည်းကောင်း၊ ကြံခင်းမှ ပုသိမ်သို့ လည်းကောင်း၊ ပုသိမ်(ဘဲဂရက်)-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း စီမံကိန်းပြီးစီးသွားပါက ရန်ကုန်မြို့အထိ လည်းကောင်း၊ မင်းဘူးမှ ရခိုင်ပြည်နယ် စစ်တွေမြို့အထိ လည်းကောင်း၊ ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ) ပြီးစီးသွားပါက ပုဂံမှတစ်ဆင့် ကျောက်ပန်းတောင်း-တောင်တွင်းကြီး-နေပြည်တော် အထိလည်းကောင်း အမျိုးသားကွန်ရက်သဖွယ် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ရထားဖြင့် ခရီးသည်နှင့် ကုန်စည်များကို အလွယ်တကူ

သွားဘက်ဆိုင်ရာဆရာဝန်များ သင်တန်းတက်ရန် ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (ဗဟို)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂွမ်ဒေါင်းပြည်နယ် (Guangdong) သိပ္ပံနှင့် နည်းပညာဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၅ ရက်အထိ ပထမဆုံး တို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးသိန်းထွဋ်နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

အကြိမ်ဖွင့်လှစ်ပို့ချမည့် Training course on dental Technology သင်တန်းသို့ တက်ရောက်ရန် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ အသင်းဝင် ဆရာဝန်များဖြစ်ကြသည့် ဒေါက်တာမောင်တိုး၊ ဒေါက်တာသန်းကျော်ဌေး၊ ဒေါက်တာတင်ထွန်းဝင်း၊ ဒေါက်တာသင်းနိုင်ဦး၊ ဒေါက်တာလှထွန်းဦး၊ ဒေါက်တာဥမ္မာဝင်းနှင့် ဒေါက်တာထင်အောင်

အဆိုပါ သင်တန်းကို Guangdong Provincial Stomatological Hospital ၌ သွားဖုံးရောဂါပညာ၊ သွားမြစ်တွင်းကုသမှုပညာ၊ သွားတုပညာ၊ သွားမြစ်တွင်းအစားထိုးပညာ စသည့် ဘာသာရပ်များကို ပို့ချမည် ဖြစ်သည်။ အဆိုပါ သင်တန်းသားများသည် Dental South China International Exhibition 2011 သို့လည်း တက်ရောက်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

အထက တံတားမြို့ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကျောက်တန်းမြို့နယ် တံတားမြို့ အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တံတားမြို့ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ကိုထွန်းလှိုင် ဖုန်း-၀၉-၈၆၄၀၆၇၈၊ မဝင်းမြင့် ဖုန်း-၀၉-၅၁၃၂၆၁၃၊ ကိုစန်းနိုင် ဖုန်း-၀၉-၈၀၂၅၁၇၇၊ ကိုဖေသန်းမောင် ဖုန်း-၀၉-၇၃၀၁၁၀၉၃၊ ကိုတင်မောင်ဝင်း ဖုန်း-၀၁-၅၅၃၃၉၅၊ ကိုကျော်ညီလွင်(နေပြည်တော်)ဖုန်း-၀၉-၈၃၀၀၄၀၇၊ မစန်းစန်းနွယ် ဖုန်း-၀၉-၅၁၆၀၁၈၅၊ မခင်ငွေ ဖုန်း-၀၉-၅၁၄၃၃၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"(၆၂)ပါးသောမိစ္ဆာဒိဋ္ဌိများ" တရားတော် (ဆရာတော်ဦးဃောသိတ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၄)**
၈း၄၀	Myanmar Casual Wear Super Star Singing Contest (Part-2)
၉း၃၀	Sunday Talk [စာရေးဆရာ ဦးကျော်ဦး၊ မျိုးမြတ်သူ]
၁၀း၁၅	မျှော်လင့်ခြင်းခရီးစဉ် [ဖြစ်ရပ်မှန်(၂)(ကလေးများနှင့် ကင်ဆာရောဂါ)]
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၅	ဈေးဝယ်လမ်းညွှန် (မြင့်မြတ်သူပိုးထည်ဆိုင်)
၁၁း၁၅	Activities In The City (SONY's 3D World မိတ်ဆက်ပွဲအခမ်းအနား)
၁၁း၂၅	ရွှေမန်းမြေမှရွှေတြိဂံ (သံဆောင်Structureနှင့် ရေအားလျှပ်စစ်တာဘိုင်)
၁၁း၄၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၃)
၁၂း၀၀	ရှမ်းပြည်နယ်တောင်ပိုင်း ဗထူးအထက(၁)ရဲ့ အာစရိယပူဇော်ပွဲ
၁၂း၃၀	အလင်းရောင်ဖြာဖြာ မွေးနေ့ပူဇော်ပွဲသဘင်မှာ
၁း၀၀	"(၆၂)ပါးသောမိစ္ဆာဒိဋ္ဌိများ" တရားတော် (ဆရာတော်ဦးဃောသိတ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (ကဂျိကဂျောင်ကျတာ ကောင်းတယ်၊ ကဂျိကဂျောင်မကျတာ ကောင်းတယ်)
၃း၃၀	ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၃း၄၅	စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၄)**
၅း၀၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅း၃၅	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	ပုံတောင် တောင်ကြောဆီသို့ ခရီးတစ်ခေါက်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၈)**
၇း၂၀	Myanmar Casual Wear Super Star Singing Contest (Part-3)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉း၀၀	သွားမယ်စားမယ် (MR -MOON B.B.Q)
၉း၂၅	Barclays Premier League (Man City Vs Fulham)
၁၁း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၅)**
၁၂း၀၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယွန်းလတ်ဖြူနှင့် တွေ့ဆုံခြင်း)
၁၂း၃၀	နွေးထွေးသော မေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၁၂း၅၅	နုယဉ်ဆန်းထွင် ပန်းအလှဆင် (ယပ်တောင်ပုံပန်းအိုးထိုးနည်း) ပန်းအိုးအသေး
၁း၂၀	3D ကွဲကော
၁း၃၅	Mega Star Talk [ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း (အပိုင်း-၂)]
၂း၀၅	ဓာတ်ကြွင်းအာနိသင် ကင်းစေဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၂း၂၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (May Flower Floral & Candle Light)
၂း၄၀	သန့်ရှင်းကျန်းမာသော. . . . အာဟာရပြည့်မှုများနှင့်အတူ
၂း၅၅	အများထဲကတစ်ယောက် (ရဲအောင်၊စိုးမြတ်သူဇာ) (ဒါရိုက်တာ-မီးပွား)
၃း၁၀	စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
၃း၃၅	စွဲမက်ဖွယ်ရာ ရတနာ ကြည်လင်အေးမြ မြကျောက်အလှ (အပိုင်း-၁)
၄း၁၀	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၄း၃၅	နံနက်ခင်းအလှ
၄း၄၅	အံ့ဖွယ်ထင်ရှား ကျိုက္ခမိဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၅၅	West Ham	-	Liverpool	ESPN (Live)
၉း၂၅	Man City	-	Fulham	STAR SPORTS (Live)

ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ တတိယတန်း ပထမဆုနှင့် ကျောင်းတွင်း စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသော မဇွန်ထက်ပိုင်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေ ဆုချီးမြှင့်စဉ်။

(ပညာရေး)

❖ **ကျောဖုံးမှ**

ထက်ပေါင်းစပ်ဆေးဖုံက ပိုမိုထိရောက်သော ဆေးစွမ်းအာနိသင်ရှိကြောင်း ၎င်း၏ စမ်းသပ်သုတေသနပြုချက်များနှင့် တင်သွင်းဖတ်ကြားသွားခဲ့သည်။

လားရှိုးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ / ဌာနမှူး ဒေါက်တာဆွေမာတင်၏ "ကွမ်းရွက်၏ ဆေးဖက်ဝင်ကဏ္ဍကို သိပ္ပံနည်းကျ လေ့လာခြင်း" စာတမ်းတွင် ကွမ်းရွက်ကို အရပ်သုံးဆေး

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးထွန်းရွှေ ရှင်းပြစဉ်။

မီးတိုအဖြစ် ပန်းနာ၊ ရင်ကျပ်၊ ချောင်းဆိုးရောဂါများအတွက် အသုံးပြုလျက်ရှိရာ ကွမ်းရွက်တွင် ပါဝင်သော ဒြပ်ပေါင်းများ၏ ဘေးထွက်ဆိုးကျိုးများ ရှိ၊ မရှိကို သိပ္ပံနည်းကျသုတေသနပြုလေ့လာခဲ့ရာ ကွမ်းရွက်တွင် ပါဝင်သော ဒြပ်ပေါင်းများသည် ဘေးထွက်ဆိုးကျိုးမရှိဘဲ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ကြောင်း လေ့လာတင်ပြထားသည်ကို တွေ့ရသည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များ တင်သွင်းဖတ်ကြားသော သုတေသနတွေ့ရှိချက်များမှ သိရှိလိုသည်များကို တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးကြရာ သဘာပတိများက ဖြည့်စွက်ဆွေးနွေးကြသည်။ တက်ရောက်လေ့လာကြသူများအတွက် ဗဟုသုတများ တိုးပွားစေသည်။ စာတမ်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ သုတေသနတွေ့ရှိချက်များကို ပြည်သူများအတွက် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည်အထိ ဆက်လက် သုတေသနပြု၍ ဘေးထွက်ဆိုးကျိုးကင်းသော အစွမ်းထက်ဆေးဝါးနည်းသစ်များ ဖော်ထုတ်နိုင်သည်အထိ ဆောင်ရွက်သွားနိုင်ဖို့လိုအပ်သည်။ သို့မှသာ မြန်မာ့တိုင်းရင်းဆေးကို ပြည်သူများ ပိုမိုလက်ခံယုံကြည်လာမည်ဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် စာတမ်းများဖတ်ကြားဆွေးနွေးမှုများကို နားထောင်ပြီးနောက် ပခုက္ကူမြို့ ဇဝနဆေးတိုက်မှ ဦးစိန်မြင့် (ခ) ဦးစံဖေတင်နှင့် စကားလက်ဆုံကျခဲ့ရာ "မြန်မာ့တိုင်းရင်းဆေးဆိုတာ ဒို့ဆေး၊ ဒို့ဝါး၊ ဒို့တိုင်းရင်းဆေးနဲ့ ဒို့သွေး၊ ဒို့သား၊ ဒို့တိုင်းရင်းသားတွေအတွက် ကုသပေးဖို့ ဖြစ်တယ်။ တိုင်းရင်းဆေးတွေ အစွမ်းထက်ဖို့ သုတေသနလုပ်ငန်းတွေ ပိုမိုလုပ်ဆောင်ဖို့လိုတယ်။ တစ်ဖက်ကလည်း တိုင်းရင်းဆေးအခြေခံကုန်ကြမ်းပစ္စည်းတွေ မျိုးသုဉ်းပျောက်ကွယ်မသွားဖို့ ကိုယ်ပိုင်ပရဆေးဥယျာဉ်တွေ ပြုစုပျိုးထောင်ထားဖို့ လိုတယ်။ ဒါမှလည်း မြန်မာ့တိုင်းရင်းဆေးဟာ ကမ္ဘာတည်သရွေ့ အရှည်တည်တံ့နေမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး မအူပင်ခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်ကလည်း မြန်မာ့တိုင်းရင်းဆေးဟာ ပြည်သူလူထုအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့ ဆေးဝါးတွေဖြစ်တဲ့အတွက် မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာ အလွယ်တကူအသုံးပြုလို့ရတဲ့ ပရဆေးပင်လေးတွေ စိုက်ပျိုးထားဖို့လိုတယ်။ ကျောင်းပတ်ဝန်းကျင်၊ အိမ်ခြံအနီးအနားမှာ စိုက်ထားဖို့ နယ်တွေကို ကွင်းဆင်းဆေးကုတဲ့အခါမှာ ပညာပေးသဘောနဲ့ အသိပညာပေးစည်းရုံးရတယ်။ ဒါမှ ထိခိုက်ရှနာ၊ နှာစေး၊ ချောင်းဆိုးစတဲ့ သာမန်ဖြစ်လေ့ရှိတဲ့ ရောဂါလေးတွေကို အလွယ်တကူ မိမိဘာသာ ကုသပျောက်ကင်းနိုင်မယ်။ ကျန်းမာရေးအသိတလွဲ မဖြစ်အောင်လည်း အသိပညာပေးရ

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) သုတေသနဌာနမှ ဦးသိန်းဇော်လင်း ရှင်းပြစဉ်။

တယ်။ ကိုယ်တတ်စွမ်းတဲ့ပညာရပ်နဲ့ ကုသလိုက်တဲ့ ဝေဒနာရှင်တွေ ပျောက်ကင်းသက်သာသွားရင် ပီတိဖြစ်ရတယ်" ဟု ၎င်း၏ လုပ်ငန်းခွင်နှင့်ယှဉ်တွဲ အတွေ့အကြုံကို မုဒိတာဖြစ်ခဲ့ရသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေကလည်း"တိုင်းရင်းဆေးသုတေသနလုပ်ငန်းများနှင့် သုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရန် လုပ်ငန်းရှင်များအပိုင်းက ပံ့ပိုးကူညီလျက်ရှိကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ထူးချွန်ထက်မြက်သော သမားကောင်းများ ပေါ်ထွန်းလာရေးအတွက် ပညာသင်ထောက်ပံ့မှုနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်စေရန် အစဉ်အမြဲပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း" သတင်းအဖွဲ့အား ပြောပြသွားသည်။

စာတမ်းဖတ်ပွဲတွင် လာရောက်နားထောင်နေသော တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ဒုတိယနှစ် ကျောင်းသူ မငွေအိမ်မိုးစံကလည်း "သုတေသနစာတမ်းတွေ၊ တိုင်းရင်းဆေးပညာရှင်တွေရဲ့ ဆွေးနွေးမှုတွေကို လေ့လာကြားသိရတဲ့အတွက် သမီးတို့မှာ ဆေးပညာဗဟုသုတ

ဒုတိယအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲတွင် ပြသထားသော ပိုစတာများကို လေ့လာနေကြစဉ်။

ဒို့ဆေး၊ ဒို့ဝါး၊ ဒို့တိုင်းရင်းဆေးနဲ့ ဒို့သွေး၊ ဒို့သား၊ ဒို့တိုင်းရင်းသားတွေ အတွက် ကုသပေးဖို့ ဖြစ်တယ်။

(ဦးစိန်မြင့်(ခ) ဦးစံဖေတင်)

တွေ အများကြီးတိုးပွားလာတယ်။ကျောင်းမှာလည်း အရှေ့တိုင်း တိုင်းရင်းဆေးပညာနဲ့ အနောက်တိုင်းဆေးပညာကို

တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး)မှ ဒုတိယနှစ်ကျောင်းသူ မငွေအိမ်မိုးစံ။

တွဲဖက်သင်ကြားရတယ်။ ငယ်ငယ်က အိပ်မက်မက်ခဲ့တဲ့၊ စိတ်ကူးခဲ့တဲ့ မကျန်းမာတဲ့၊ ဆင်းရဲတဲ့သူတွေကို ဆေးကုပေးချင်တဲ့ မျှော်လင့်ချက်အကောင်အထည်ဖော်နိုင်တော့မှာဖြစ်လို့ ဝမ်းသာမိပါတယ်" ဟု ၎င်း၏ ခံယူချက်၊ မျှော်လင့်ချက်ကို အသိပေးပြောကြားသွားခဲ့သည်။

ဒုတိယအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲတွင် ပိုစတာပြပွဲကိုလည်း ခင်းကျင်းပြသထားရာ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ဆိုသည့် စကားနှင့်အညီ မြန်မာ့တိုင်းရင်းဆေးပညာနယ်ပယ်တွင် အသုံးတွင်ကျယ်လျက်ရှိသော 'နွယ်ပရဆေးပင်' ပြကွက်၊ နဝရတ်ကိုးပါးကို အဆောင်လက်စွပ်အဖြစ်ဝတ်ဆင်ပါက လူသားတို့၏ ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်စပ်နေပုံကို ပြသထားသော "နဝရတ်ကိုးပါး ဂုဏ်စွမ်းအား ယှဉ်တွဲလေ့လာဆေးပညာ" ပြကွက်၊ မြန်မာပြည်တွင် ပေါက်သော သစ်မာမျိုးရင်းဝင် အင် နှင့် ကညင်သစ်မျိုးများ၏ သိပ္ပံဆိုင်ရာ လက္ခဏာများနှင့် ဆေးဖက်ဆိုင်ရာ အသုံးများကို ပြသထားသော ပြကွက်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်း ရှိ မြခနောက်တောင်မှ ဆေးဖက်ဝင်အပင်များပြကွက်စသည့်ဖြင့် ပိုစတာများ ပြသထားသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။

တိုင်းရင်းဆေးပညာလောကအတွက် အရည်အသွေးကောင်းမွန်ပြီး အသုံးချနိုင်သော တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပေါ်ထွက်လာစေရန်၊ မြန်မာ့တိုင်းရင်းဆေး ပညာရပ်အား အတွေ့အကြုံ အခြေပြု ဆေးပညာရပ်မှ သက်သေ အထောက်အထားအခြေပြု

မအူပင်ခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်။

ဆေးပညာရပ်အဖြစ်သို့ ပြောင်းလဲတိုးတက်လာစေရန်၊ အဖြစ်များသည့် ရောဂါကြီး ခြောက်မျိုးအပါအဝင် ကုသရန်ခက်ခဲသော ရောဂါများအတွက် တိုင်းရင်းဆေး ကုထုံးသစ်နှင့် ဆေးဝါးသစ်များ ပေါ်ထွက်လာနိုင်ရန်၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများနှင့် သုတေ

ဒေါက်တာခင်ဖြူဖြူ (ညွှန်ကြားရေးမှူး) ဆေးသုတေသန၊ အထက်မြန်မာပြည်။

သနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရေး အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသော စာတမ်းဖတ်ပွဲများမှသည် ပြည်သူများအတွက် အားထားယုံကြည်ရသော အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးသစ်များ ရှာဖွေဖော်ထုတ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြန်မာ့တိုင်းရင်းဆေးဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်စွမ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်ရေ၊ သုံးရေညစ်ညမ်းမှုများကြောင့် ပိုမိုဖြစ်ပွားလေ့ရှိသည်။ ဤရောဂါသည် ယင်ကောင်မှတစ်ဆင့် လည်းကောင်း၊ မသန့်ရှင်းသောရေနှင့် အစားအစာများမှ လည်းကောင်း၊ မသန့်ရှင်းသောလက်မှ လည်းကောင်း ကူးစက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အစားအစာနှင့်ပတ်သက်၍

၁။ ယင်နားစာနှင့် အမှည့်လွန်သောအသီးများကို မစားပါနှင့်။
၂။ သန့်သန့်ရှင်းရှင်း ပြုပြင်ချက်ပြုတ်မထားသော လက်သုပ်အစားအစာများနှင့် အခြားအစားအစာများကို မစားပါနှင့်။
၃။ လတ်ဆတ်သော အသား၊ ငါးများနှင့် အသီးအရွက်များကိုသာ ဝယ်ယူချက်ပြုတ်စားသုံးပါ။
၄။ အသား၊ ငါးနှင့် အသီးအရွက်များကို ခုတ်ဖြတ်ရာတွင် စဉ်းတီတုံးနှင့် ဓားများကို သီးသန့်ထားပြီး သန့်ရှင်းစွာအသုံးပြုပါ။
၅။ အစားအစာများ၊ အသားငါးများနှင့် အသီးအရွက်များကို ကျက်အောင်ချက်ပြီး စားသုံးပါ။
၆။ အစားအစာများကို ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များမှ ကာကွယ်ရန် အုပ်ဆောင်းဖြင့် အုပ်ထားပါ။

(ခ) ရေနှင့်ပတ်သက်၍

၁။ ရေကို ရေသန့်ဆေးရည်ခတ်၍ဖြစ်စေ၊ ကျိုချက်ပြီးမှဖြစ်စေ သောက်သုံးပါ။
၂။ သန့်ရှင်းသောရေဖြင့်သာ အသားငါးများနှင့် ဟင်းသီးဟင်းရွက်များကို ဆေးကြောပါ၊ ဖြစ်နိုင်ပါက ရေသန့်ဆေးရည် (ကလိုရင်းဆေးရည်) ခတ်ထည့်ထားသော ရေဖြင့် ဆေးကြောပါ။
၃။ ရေထွက်ပင်ရင်းများ (ရေတွင်း၊ ရေကန်၊ တုံကင်၊ အဝီစိတွင်းများ)အား ပြင်ပရေများ စိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲနွားတိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမရှိစေရန် အကာအကွယ်ပြုလုပ်ပါ။

(ဂ) လက်သန့်ရှင်းရေးနှင့်ပတ်သက်၍

၁။ အစာမစားမီ၊ အိုးခွက်ပန်းကန်များ မကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။
၂။ လက်ဆေးရာတွင် သန့်ရှင်းသောရေဖြင့် လောင်းဆေးပါ။
၃။ အိမ်သာတက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။

(ဃ) အိုး၊ ခွက်၊ ပန်းကန်များနှင့် ပတ်သက်၍

၁။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများကို သန့်ရှင်းသောရေဖြင့် လောင်းဆေးပြီး စင်ပေါ်တွင် ထားပါ။
၂။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများပေါ်သို့ ပိုးဟပ်၊ အိမ်မြှောင်၊ ပုရွက်ဆိတ်များနှင့် ကြွက်များဖြတ်ကျော်၍ ညစ်ညမ်းနိုင်သဖြင့် အစားအစာများမထည့်မီ ပြန်၍ဆေးကြောပြီးမှ အသုံးပြုပါ။

(င) အိမ်သာနှင့် ပတ်သက်၍

၁။ ယင်လုံအိမ်သာကိုသာ တစ်ရွာလုံး တစ်မြို့လုံး ဆောက်လုပ်သုံးစွဲပါ။
၂။ အိမ်သာများကို သန့်ရှင်းသပ်ရပ်စွာ အမြဲသုံးစွဲပါ။
၃။ အိမ်သာအထွက် လက်ဆေးရန် ရေနှင့် ဆပ်ပြာများ အဆင်သင့်ထားရှိပါ။
၄။ အိမ်သာကို ရေတွင်းရေကန်များနှင့် ပေ ၅၀ အကွာ နိမ့်သည့်အရပ်တွင်ဆောက်လုပ်ပါ။

(စ) ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ခုခုဖြစ်လျှင်

၁။ ကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။ ထိရောက်စွာ ကုသမှုခံယူပါ။
၂။ ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ခုခုဖြစ်လျှင် ဓာတ်ဆားဖျော်ရည်သောက်ပါ။ မရနိုင်ပါက ထမင်းရည်၊ အုန်းရည်၊ သံပရာရည် စသည်တို့ကို များများသောက်ပါ။
၃။ လူနာ၏ အညစ်အကြေး ပေကျံနေသော အဝတ်များကို အခြားအဝတ်များနှင့် မရောနှောဘဲ သီးသန့်လျှော်ဖွပ်ပါ။
၄။ လူနာပြုစုသူသည် မိမိလက်ကို စနစ်တကျ ဆပ်ပြာသုံး၍ ရေလောင်းဆေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဇန်နဝါရီ ၂၉ ရက်က တာမွေမြို့နယ် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း(က)မှ အတန်းပေါင်းချုပ်နှင့် အတန်းတွင်းပထမဆုရ မအင်ကြင်းမြတ်ဆုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ သထုံမြို့တွင် သုညဒသမ ဝ၈လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၂၇ ရက် ညနေထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kenbo က အဓိက ကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို မတ် ၅ ရက်တွင် မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတစ်ပွဲချင်းစီတွင် (အကျော့မဲ့)ပုံစံဖြင့် အကောင်းဆုံးအပျော်တမ်းကစားသမား ၁၀ ဦးအား ရွေးချယ်ပြီး ၂၀၁၁ခုနှစ် ဧပြီ ၇ ရက်နှင့် ၈ ရက်တွင် ရွှေမန်းတောင်ဂေါက်ကလပ်၌ကျင်းပမည့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကျန်အပျော်တမ်းပြိုင်ပွဲဝင်များနှင့် အမျိုးသမီးပြိုင်ပွဲဝင်များအား System 36 ဖြင့် တွက်ချက်ပြီး ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole- In- One ဆုရရှိသူအား Kenbo မော်တော်ဆိုင်ကယ် ဆုချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မတ် ၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁တို့နှင့် မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ် ဖုန်း-၀၈၂-၅၁၅၁၃တို့၌ အမည်စာရင်းပေးသွင်းနိုင်သည်။

အဆိုပါ ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်းသိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇ နှင့် ၁၉၉၁) အင်ဂျင်နီယာ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၇နှင့် ၁၉၉၁) မြို့ပြအင်ဂျင်နီယာ ကျောင်းဆင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်အတူ ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၇နှင့်၁၉၉၁)မေဂျာစုံ အင်ဂျင်နီယာကျောင်းဆင်းများ၏အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂ ရက်(တောင်သူလယ်သမားနေ့) ညနေ ၃ နာရီမှ ၅ နာရီအထိ အာစရိယပူဇော်ပွဲကိုလည်းကောင်း၊ ည ၆ နာရီမှ ည ၈နာရီအထိမိတ်ဆုံစားပွဲကို လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းယားကန်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာညဏ်မြင့်ကျော် ဖုန်း-၀၉-၅၀၃၃၅၅၈၊ ဦးစိုးလွင် ဖုန်း-၀၉-၅၀၄၁၉၀၅၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၀၇၇၁၅၃၊ ဦးကိုကိုထွေး ဖုန်း-၀၉-၅၁၇၉၁၁၀၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၀၁၇၄၂၅၊ ဦးမိုးမြင့်ကျော် ဖုန်း-၀၉-၅၀၃၆၀၆၉၊ ဦးတင်မောင်နိုင် ဖုန်း-၀၉-၅၁၂၅၃၇၆၊ ဦးကျော်သူအောင် ဖုန်း-၀၉-၅၀၀၀၃၁၈၊ ဦးတင်ဦး ဖုန်း-၀၉-၅၀၀-၈၉၂၃နှင့် ဦးခင်မောင်လွင် ဖုန်း-၀၉-၅၀၀၄၁၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ငါန်းဇွန်-ငါန်းမြာလမ်း မြေဖို့ဆောင်ရွက်

ငါန်းဇွန် ဖေဖော်ဝါရီ ၂၆

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ငါန်းဇွန်-ငါန်းမြာလမ်း မြေဖို့ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာနှင့် ခေတ္တအမှုဆောင်အရာရှိတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အာဆင်နယ်နှင့် ဘာမင်ဂမ် ကားလင်းဖလားဗိုလ်လုမည်

၂၇-၂-၂၀၁၁(တနင်္ဂနွေနေ့)

ည ၁၀း၃၀နာရီ

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ကားလင်းဖလား ဗိုလ်လုပွဲကို ပရိသတ်ကိုးသောင်း ဝင်ဆံ့သည့် ဝင်ဘလေကွင်းကြီးတွင် အာဆင်နယ်နှင့် ဘာမင်ဂမ်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တက်နိုင်ခဲ့

ပြိုင်ပွဲအရပ်ရပ်တွင် ရလဒ်ကောင်းနေသည့် အာဆင်နယ်သည် ကားလင်းဖလားပြိုင်ပွဲတွင် စပါး၊ နယူးကာဆယ်၊ ဝီဂန်နှင့် အစ်ဆွစ်ချ်တို့ကို အနိုင်ယူကျော်ဖြတ်ခဲ့ရပြီး ဘာမင်ဂမ်ကမူ ရို့ချ်ဒယ်လီ၊ မီလ်တန်၊ ဘရန့်ဖို့ဒ်၊ ဗီလာနှင့် ဝက်စ်ဟမ်းတို့ကို အနိုင်ယူ၍ တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာမင်ဂမ်အသင်း၏ အဓိက ကွင်းလယ်မောင်းနှင်အား လီဘောင်ယာ။

ကစားသမားပိုင်း

အာဆင်နယ်၏ ဂိုးပေါက်ကို ဆာဇီနီ တာဝန်ယူဖွယ်ရှိနေပြီး နောက်တန်းတွင် ကလစ်ချီ၊ ကိုစီယန်နီ၊ ဂျိုရူးနှင့် ဆဂ္ဂနာတို့ပါဝင်လာမည်ဖြစ်သည်။ ကွင်းလယ်တွင် အသင်းခေါင်းဆောင် ဖာဘရီဂက်စ်နှင့် ဝေါလ်ကော့တို့ ဒဏ်ရာရနေ၍ ဆောင်း၊ နာဆရီ၊ ဝီရှိုင်းယား၊ ဒီနယ်လ်ဆင်နှင့် အာရှာဗင်တို့ကို ပွဲထုတ်ကာ ဗန်ပါစီကို အထောင်တိုက်စစ်တွင် မြင်တွေ့ရမည်ဖြစ်သည်။ ဘာမင်ဂမ်ကမူ ဂိုးသမားနေရာတွင် ဘင်ဖော်စတာ၊ နောက်တန်းကို စတီဖင်ကား၊ ရော်ဂျာဂျွန်ဆင်၊ ရစ်ချ်ဝဲလ်၊ ဒေးဗစ်မာဖီတို့ဖြင့် အထိုင်ချကာ နီကိုလာဇီဂစ်၏ အထောင်တိုက်စစ်ကို လာဆင်၊ လီဘောင်ယာ၊ ဘယ်ရီဖာဂူဆန်၊ လှုပ်ဘ်၊ ဘောစီဂျာတို့၏ ကွင်းလယ်ဖြင့် ပံ့ပိုးလာဖွယ်ရှိသည်။

ထိပ်တိုက်တွေ့ဆုံ

အာဆင်နယ်နှင့် ဘာမင်ဂမ်တို့သည် နောက်ဆုံး ၁၀နှစ်အတွင်း ပြိုင်ပွဲအရပ်ရပ်တွင် ၁၄ ကြိမ် ဆုံတွေ့ခဲ့ရာအာဆင်နယ်က ကိုးကြိမ်အနိုင်ရကာ လေးကြိမ်သရေကျပြီး တစ်ပွဲသာရှုံးထားသည်။ ထို့ကြောင့် ထိပ်တိုက်ဆုံတွေ့မှုအရ အာဆင်နယ်က အသာရထားသည်ဟု ဆိုရမည်ဖြစ်သည်။

လက်ရှိအနေအထား

အာဆင်နယ်အသင်း၏ လက်ရှိအနေအထားမှာ အကောင်းဆုံးပုံစံတွင် ရှိနေသည်။ ချန်ပီယံလိဂ်ပွဲ အပါအဝင် နောက်ဆုံးငါးပွဲတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေကျထားသည်။ ဘာမင်ဂမ်ကမူ သုံးပွဲနိုင်၊ တစ်ပွဲသရေကျကာ တစ်ပွဲရှုံးထားသည်။

သုံးသပ်

ကွင်းလယ်တွင် အားထားရသည့် ဖာဘရီဂက်စ်နှင့် ဝေါလ်ကော့တို့ မပါ



အာဆင်နယ်တိုက်စစ်ကို အသက်ဝင်စေမည့် နာဆရီ။

ဟန်သစ်

ဝင်နိုင်သည့် အာဆင်နယ် အလယ်တန်းမှာ အနည်းငယ် အားနည်းလာမည်ဖြစ်သော်လည်း ဝီရှိုင်းယားနှင့် နာဆရီတို့ ခြေစွမ်းပြနေမှုကြောင့် ဘာမင်ဂမ်ကွင်းလယ်ကို စိုးမိုးလာနိုင်ဖွယ်ရှိနေသည်။ ထို့ကြောင့် အာဆင်နယ်၏ တိုက်စစ်မှာလည်း ထက်မြက်မှုရှိနေသည်။ ခြောက်နှစ်တာ ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်ရန် နည်းပြ အာစင်ဝင်းဂါးနှင့်အတူ အသင်းသားအားလုံးက ဆန္ဒပြင်းပြနေကြသည်။ သို့သော်လည်း ဘာမင်ဂမ်ကလည်း ကားလင်းချန်ပီယံဖြစ်ပါက ယူရိုပါလိဂ် ဝင်ခွင့်ရမည်ဖြစ်ခြင်းကြောင့် တစ်ပွဲထိုးခံစစ်အားကောင်းသည့်အသင်းပီပီ စိတ်ဓာတ်မြှင့်တင်ပြီး ခြေကုန်ထုတ်ကာ အာဆင်နယ်ကို ရင်ဆိုင်မည်ဖြစ်သည်။

ထို့ကြောင့် ယနေ့ည ယှဉ်ပြိုင်ကစားမည့် ကားလင်းဖလားဗိုလ်လုပွဲတွင် အသင်းကြီး အာဆင်နယ်ကပဲ ခြောက်နှစ်ကြာ ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်ပြီး သုံးကြိမ်မြောက် ကားလင်းဖလားကို ကိုင်မြှောက်နိုင်မည်လား၊ သို့တည်းမဟုတ် ဘာမင်ဂမ်ကပဲ အံ့သြဖွယ်ခြေစွမ်းပြပြီး ကားလင်းဖလားကို ကိုင်မြှောက်ကာ လာမည့်နှစ်အတွက် ယူရိုပါလိဂ်ဝင်ခွင့် ရသွားမည်လား ဆိုသည်ကိုဖြင့် ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ကြည့်ကြရတော့မည်ဖြစ်ပါကြောင်း။

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ကွမ်းခြံကုန်းမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ တည်ဆောက်နေမှုကို ခေတ္တအမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၃) ဒေါ်ပပကျော်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဇဟားကြီး-ငါးမြစ်ချင်း မြေသားလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အရှည် ပေ ၁၀၅၆၀၊ အကျယ် ၁၂ပေရှိ အဖျောက်-ဇကာကြီး ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၃ ရက်က အဖွဲ့အမှုဆောင်အရာရှိ သူရဦးမြင့်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အောင်လံမြို့နယ် ကျောက်အိုး(အရှေ့)ကျေးရွာ လေးလက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါစက်ရေတွင်းရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ် ကျင်းပ အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးသစ်များ ရှာဖွေဖော်ထုတ်

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တွင် ကျင်းပသော ဒုတိယအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော တိုင်းရင်းဆေးလောက နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၏ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲအပေါ် ၎င်းတို့၏ အမြင်သဘောထားများကို ဖော်ပြခဲ့ပြီးနောက် စာတမ်းရှင်များ တင်သွင်းဖတ်ကြားခဲ့သော စာတမ်းများထဲမှ ကြေးမုံသတင်းအဖွဲ့ လေ့လာနားထောင်မိခဲ့သမျှကို ဆက်လက်ဖော်ပြလိုက်ပါသည်။

သတင်းဆောင်းပါး - ဝင်းနိုင် (ကြေးမုံ)
ဓာတ်ပုံ - ဌေးအောင် (ကြေးမုံ)

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) သုတေသနဌာနမှ ဦးသိန်းဇော်လင်း (Ph.D Candi, Japan) တင်သွင်းဖတ်ကြားသော "ငှက်ဖျားပိုးသေစေနိုင်သော အာနိသင်ရှိ ကလိမ်စေ့နှင့် ၎င်းတွင်ပါဝင်သော ဓာတုဒြပ်ပေါင်းများအား လေ့လာခြင်း" စာတမ်းတွင် ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံး အတိုင်းအတာအရ ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့အပူပိုင်းဒေသနှင့် သမခွေးပိုင်းဒေသနေ ပြည်သူ သန်း ၃၀၀ကျော်သည် နှစ်စဉ် ငှက်ဖျားရောဂါနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး လူသုံးသန်းခန့် သေဆုံးနေရသည်။ ငှက်ဖျားရောဂါပျောက်ဆေးဝါးများ ရှာဖွေဖော်ထုတ်နေကြသော်လည်း ဆေးယဉ်ပါးသော ငှက်ဖျားပိုးမျိုးစိတ်များဖြစ်လာသောကြောင့် ငှက်ဖျားရောဂါကုဆေးဝါးသစ်များ အမြဲလိုအပ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပေါက်ရောက်သော ကလိမ်ပင်မှ ကလိမ်စေ့အဆန် ဒိုင်ကလို ရိုမီသိုင်းဆေးနှစ်ကို အနောက်တိုင်းဆေးဝါး ငှက်ဖျားပျောက်ဆေး အာတီမီဆနင်နှင့် နှိုင်းယှဉ်၍ ကြွက်ဖြူကလေးများကို တူညီသော ဆေးချိန်ပမာဏဖြင့် တိုက်ကျွေးခဲ့ရာ ငှက်ဖျားပိုးသေစေနိုင်သော အာနိသင်ရှိကြောင်း တွေ့ရှိရသည့်အတွက် ကလိမ်စေ့တွင် ပါဝင်သော ဒြပ်ပေါင်းများကို လေ့လာသုတေသနပြုထားသော စာတမ်းဖြစ်သည်။

ထို့အတူ ဒေါက်တာခင်ဖြူဖြူ (ညွှန်ကြားရေးမှူး၊ ဆေးသုတေသနအထက်မြန်မာပြည်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)၏ "တောင်ဆီးဖြူ (ဆေးတစ်မယ်ချင်း)နှင့် ပေါင်းစပ်ဆေးဖုံ(ရွှေအသည်းဆေး)တို့၏ လတ်တလော အဆိပ်အာနိသင်ကို စမ်းသပ်ခြင်း" စာတမ်း၌ တိုင်းရင်းဆေးနယ်ပယ်တွင် ဆေးဖုံ၊ ဆေးတစ်မယ်ချင်း တို့ကို ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိရာ ဆေးတစ်မယ်ချင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

"နဝရတ်ကိုးပါး ဂုဏ်စွမ်းအား ယှဉ်တွဲလေ့လာဆေးပညာ" ပိုစတာပြကွက်မှ နဝရတ်ကိုးပါးကို တွေ့ရစဉ်။



နိုင်ငံတကာ အားကစားသတင်းအညွှန်း

အာဆင်နယ်နှင့် ဘာမင်ဂမ် ကားလင်းဖလား ဗိုလ်လုမည်

စာမျက်နှာ ၁၁

ထူးခြားသည့် ညအပူချိန်များ

၂၆ - ၂ - ၂၀၁၁

ဟားခါး
၁ ဒီဂရီစင်တီဂရိတ်

ပင်လောင်း
၄ ဒီဂရီစင်တီဂရိတ်

လားရှိုး
၆ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၆ ဒီဂရီစင်တီဂရိတ်